# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၄၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

**အခုဆုရတဲ့စာအုပ်က သုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ်နဲ့ ရရှိတာဖြစ်တဲ့အတွက် မတူညီတဲ့ဘာသာရပ်နဲ့ ဒီနှစ်မှာ ဆုရရှိတာကြောင့် ပိုပြီးကျေနပ်အားရမိပါတယ်** — ပြည်တွင်းသတင်း စာ ၉

---

**ကျောက်မဲမြို့တွင် ပြန်လည်ပွင့်လန်းနေသော ပညာပန်းများ** — သတင်းဆောင်းပါး စာ ၁၁

---

**ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရှစ်လအတွင်း ပြည်တွင်း ပြည်ပ ဧည့်သည် ၂၇၅၄၆ ဦး ဝင်ရောက်လေ့လာ** — ပြည်တွင်းသတင်း စာ ၁၂

---

**ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား** — နိုင်ငံတကာသတင်း စာ ၁၄




## ကော့သောင်းမြို့နယ်၌ မိုးစပါးစံပြကွက်များ ရိတ်သိမ်း

ကော့သောင်း နိုဝင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ယခုနှစ်မိုးရွာသီအတွင်း စိုက်ပျိုးခဲ့သော ရွှေပြည်စိုးကျေးရွာ ဂေါက်ကွင်းရှေ့ရှိ အကျဉ်းဦးစီး၏ ကွင်းအမှတ် ၂၁/OSS(ခ)၊ ဦးပိုင်အမှတ်N-၆၇/၁ မိုးစပါးစံပြကွက်စိုက်ခင်းရှိ (အောင်နိုင်တိုး) စပါးမျိုး ၆ ဒသမ ၆ ပေပတ်လည်အကွက်ငယ်အား ယနေ့နံနက်ပိုင်းက မိုးစပါးစံပြကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအစို ၁၁၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## မော်လမြိုင်ကျွန်းမြို့နယ်၌ ပထမအကြိမ် ကလေးပန်းချီပြပွဲ ဖွင့်လှစ်



မော်လမြိုင်ကျွန်း နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ရိုးရာပန်းပညာရှင်များအစည်းအရုံးတို့ ပူးပေါင်းကျင်းပသည့် ပန်းချီဆရာကြီး "ဦးငွေကိုင်၊ ဦးဘကြည်" တို့၏ အမှတ်တရအဖြစ် ပထမအကြိမ် ကလေးပန်းချီပြပွဲ အခမ်းအနားကို ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုလတ်၊ မြို့နယ်ရိုးရာပန်းပညာရှင်များ ဥက္ကဋ္ဌ ဦးစောဦးနှင့် အတွင်းရေးမှူး ဦးဇော်ဝင်းတို့က မှန်ဦးအား

*စာမျက်နှာ ၄ ကော်လံ ၁* ❏

## ထူးခြားသည့် ညအပူချိန်များ

(၉-၁၁-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်းမြို့ | ၁၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၁၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၁၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၁၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်းမြို့ | ၁၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၁၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာ့ပုံရိပ်ကို ထိခိုက်စေသည့် အွန်လိုင်းဒုစရိုက်များ အပြီးတိုင်ဖယ်ရှား

အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်ကျူးလွန်မှုများကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားသည့် မြဝတီ–မဲ့ထော်သလေး KK Park နယ်မြေရှိ အဆောက်အအုံပေါင်း ၁၅၀ ခန့်ကို ဖြိုချဖျက်ဆီးရှင်းလင်းနေပြီဖြစ်သည်။ မြို့ငယ်လေးတစ်မြို့ကဲ့သို့ ရှိနေသည့် KK Park အတွင်း လူနေအဆောက်အအုံများ၊ ဈေးဆိုင်၊ စားသောက်ဆိုင်၊ ဂိုဒေါင်၊ ဟိုတယ်၊ GYM အားကစားခန်းမ၊ KTV၊ SPA၊ ဆေးရုံ၊ ပန်းခြံ၊ အားကစားရုံ၊ ဖူဆယ်ကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ ဘတ်စကက်ဘောကွင်းများပါ တည်ဆောက်ထားခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ မြေပိုင်ဆိုင်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုမိန့်၊ မြေပိုင်ဆိုင်ခွင့်အထောက်အထား၊ ဟိုတယ်နှင့်ခရီးသွားလာရေး၏ ဆောက်လုပ်ခွင့်၊ ခွင့်ပြုမိန့် စသည့် တရားဝင်စာရွက်စာတမ်းများ မရှိ။ ထိုင်းနိုင်ငံနှင့် သောင်ရင်းမြစ်ကျဉ်းကျဉ်းကလေးသာ ခြားနေပြီး မြစ်ကမ်းနဖူးတွင် တည်ရှိနေသည့် KK Park နယ်မြေအတွင်းသို့ နိုင်ငံခြားသားများ တရားမဝင်လာရောက်ကြပြီး အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြရာ ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ နယ်စွန်နယ်ဖျားဒေသများတွင် တည်ရှိနေကြသော အွန်လိုင်းငွေကြေးလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကြောင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ပုံရိပ်ကိုထိခိုက်ကျဆင်းစေသည်။ ကုမ္ပဏီများအဖြစ် အသွင်ယူဟန်ဆောင်ထားသည့် အဆိုပါဒုစရိုက်လုပ်ငန်းများကို နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေသူများမှာ နိုင်ငံခြားသားများဖြစ်ကြပြီး နယ်မြေကိုထိန်းချုပ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပေးအယူများလုပ်၍ တရားမဝင် ဝင်ရောက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

နယ်စပ်မျဉ်းများနှင့် နီးကပ်စွာရှိနေသော အွန်လိုင်းလိမ်လည်၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများအနေဖြင့် ၎င်းတို့အတွက် လိုအပ်သောအရင်းအမြစ်များအားလုံးကို တစ်ဖက်နိုင်ငံမှ အလွယ်တကူရယူနိုင်ခဲ့ကြပြီး ၎င်းတို့လုပ်ငန်းအတွက် လိုအပ်သော လူသားအရင်းအမြစ်များကို နိုင်ငံအသီးသီးတို့မှ သွေးဆောင်ဖြားယောင်းလိမ်လည်လှည့်ဖြားခေါ်ယူရာတွင်လည်း တစ်ဖက်နိုင်ငံကို တစ်ဆင့်ခံအသုံးချခဲ့ကြခြင်းဖြစ်သည်။ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များသည် ၎င်းတို့၏ ငွေကြေးလိုအပ်ချက်အတွက် မူးယစ်ဆေးဝါး၊ လက်နက်၊ သဘာဝသယံဇာတများ စသည်တို့ကို မှောင်ခိုထုတ်လုပ်ရောင်းဝယ်မှုများ၊ တရားမဝင်ကုန်သွယ်အကောက်ဂိတ်များ စသည်ဖြင့် ဖြည့်ဆည်းနေကြခြင်းဖြစ်ရာ အွန်လိုင်းရာဇဝတ်ဂိုဏ်းများ ရောက်လာခြင်းကလည်း ၎င်းတို့အတွက် ဝင်ငွေလမ်းကြောင်းတစ်ခုဖြစ်လာပြီး အပြန်အလှန်အမှီသဟဲပြုနေကြခြင်းဖြစ်သည်။

ကရင်ပြည်နယ်အတွင်း အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများသည် ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်တွင် လေးကေ့ကော်မြို့သစ်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ မြန်မာ–ထိုင်း နယ်စပ်အနီးရှိ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ကိုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် ဝင်ရောက်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် online scam center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအတွက် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့သည်။

KK Park နယ်မြေအတွင်း မြို့ကလေးတစ်မြို့ပမာ အခိုင်အမာတည်ဆောက်ထားသော အဆောက်အအုံများကို ဖြိုချဖျက်ဆီးရှင်းလင်းနေခြင်းက မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ပုံရိပ်ကို ထိခိုက်စေသည့် အွန်လိုင်းဒုစရိုက်လုပ်ငန်းများ မြန်မာ့မြေပေါ်မှ အပြီးတိုင်ဖယ်ရှားသွားမည့် သန္နိဋ္ဌာန်ကို ထင်ရှားစွာပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။
- ★ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။
- ★ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

### ၉ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၇၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀ - ၁၁ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၀၀ | ၄၅၀၅ | ၂၉၇၀ | ၂၆၉၅ | ၂၈၂၅ | ၂၇၆၅ | ၂၇၃၀ | ၂၇၅၅ | ၃၀၁၀ |
| 95 Ron | ၂၆၀၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၅၅ | ၄၅၆၀ | ၃၀၅၀ | ၂၇၇၅ | ၃၀၀၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (500 ppm) | ၂၅၁၀ | ၂၆၂၀ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၀၀ | - | ၂၈၇၅ | ၂၅၉၅ | ၃၂၆၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၀၆၀ | ၃၀၂၅ | ၃၀၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၂၀၀ | ၃၁၀၅ | ၄၈၃၀ | ၃၄၅၀ | ၃၁၃၅ | ၃၃၀၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၃၀၄၅ | ၃၀၆၀ | ၃၀၂၅ | ၃၀၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၂၀၀ | ၃၁၀၅ | - | ၃၄၅၀ | ၃၁၃၅ | ၃၃၀၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၀ | ၂၅၃၃ |
| 95 Ron | ၂၅၂၆ | ၂၆၁၁ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၀ |
| HSD (50 ppm) | ၂၈၇၅ | ၂၉၆၂ |
| HSD (10 ppm) | ၂၈၇၅ | ၂၉၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၃၁၁၃၇၇၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၃၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## Naypyitaw State Academy တည်ထောင်ခြင်း (၃) နှစ်ပြည့် အခမ်းအနားကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၉**
Naypyitaw State Academy တည်ထောင်ခြင်း (၃) နှစ်ပြည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy ကို "ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်" ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယနေ့ဆိုလျှင် (၃) နှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူ လေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ Naypyitaw State Academy ကို စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာ မဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာန စသည်ဖြင့် မဟာဌာနကြီး လေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသားကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြားခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာမဟာဌာန၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လူမှုရေးပညာမဟာဌာန၊ အားကစားပညာ မဟာဌာနတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး မဟာဌာနကြီး ခုနစ်ခု၊ အထူးပြု ဘာသာရပ် ၂၀ တွင် ပထမနှစ်မှ မဟာတန်းအထိ တန်းစုံဖွင့်လှစ်သင်ကြားနိုင်ခဲ့ကြောင်း။

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် Nuclear Physics၊ ကုန်ထုတ်ဓာတုဗေဒ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သံတမန်ရေးရာ အထူးပြုဘာသာရပ် လေးခုကို ထပ်မံဖွင့်လှစ်လိုက်သည့်အတွက် အထူးပြုဘာသာရပ် ၂၄ ခုကို ဖွင့်လှစ်သင်ကြားပို့ချနေပါကြောင်း၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကိုယ်ကာယကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-library တို့ကို ဖြည့်ဆည်းပေးထားပါကြောင်း။

Naypyitaw State Academy အနေဖြင့် ကျောင်းသားဗဟိုပြု သင်ကြားမှုစနစ် အကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါကြောင်း၊ ကျောင်းသားကျောင်းသူများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး၊ ဆရာ ဆရာမများ အရည်အသွေးပြည့်ဝရေးအတွက် သုံးနှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစဉ်အလာ၊ ဆောင်ရွက်ချက်များကို ဆက်လက်ထိန်းသိမ်းပြီး စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်မြင့်မား၍ စိတ်ဓာတ်နှင့် ခံယူချက်မှန်ကန်ကောင်းမွန်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများ အားလုံးပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ Naypyitaw State Academy ၏ ခံ့ညားထည်ဝါသော ဂုဏ်သတင်းကို အားလုံးထိန်းသိမ်း မြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က သုံးနှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စာတမ်းဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ် (၃) နှစ်ပြည့်အတွက် အမှတ်တရ ဂုဏ်ပြုပန်းစည်းပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံရယူကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် သုတေသနပြခန်းများကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယင်းနောက် သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပကြပြီး သုတေသနစာတမ်းပေါင်း ၂၀ ကို ဖတ်ကြားကာ စာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Naypyitaw State Academy အတွင်း ဆောက်လုပ်နေဆဲဖြစ်သည့် ဘွဲ့နှင်းသဘင်ခန်းမ၏ အခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၉**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အခမ်းအနားအစီအစဉ် နှစ်ရပ်ဖြင့် ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဘွဲ့ရမောင်မယ်များအတွက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အထူးပြုဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိကြသော ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဘွဲ့ရမောင်မယ်များအား ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အမှာ စကားပြောကြားသည်။

ယနေ့ကျင်းပသော သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဈေးကွက်ဖော်ဆောင်ရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ နှစ်ဦး၊ စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ ဘွဲ့လွန်ဒီပလိုမာ တစ်ဦးနှင့် (စာရင်းကိုင်ပညာနှင့် ဘဏ္ဍာရေးပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၈၂ ဦး၊ (ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၆၇ ဦး၊ (အသုံးချစာရင်းအင်းပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၅၀၊ (ဒေသဆိုင်ရာဖွံ့ဖြိုးမှုပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၄၅ ဦး၊ (လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ) စီးပွားရေးသိပ္ပံဘွဲ့ ၃၇ ဦး စုစုပေါင်းတက်ရောက်ဘွဲ့ယူသူ ၂၄၄ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၄၀ တို့ကို ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော်နှင့် မဟာဗောဓိပင် ဂြိုဟ်ရှစ်ခွင် ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်

**စစ်တွေ နိုဝင်ဘာ ၉**

ရန်အောင်ဇေယျသုခမင်္ဂလာစေတီတော်နှင့် မဟာဗောဓိပင် ဂြိုဟ်ရှစ်ခွင် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်တွေတပ်နယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ ပြည်နယ်သြဝါဒါစရိယ ဘဒ္ဒန္တနန္ဒသိရီမဟာထေရ်မြတ်နှင့် သံဃာတော်အရှင်သူမြတ်များက ရန်အောင်ဇေယျသုခ မင်္ဂလာစေတီတော်နှင့် မဟာဗောဓိပင်ဂြိုဟ်ရှစ်ခွင်ကို ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။

ထို့နောက် ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူကြပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စစ်တွေမြို့ ရွှေစေတီကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တအရိယဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။**တင်ထွန်း(ပြန်/ဆက်)**



# သက်သာသော ဈေးနှုန်းဖြင့် စားအုန်းဆီဝယ်ယူသုံးစွဲနိုင်ကြစေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများသည် ပြည်ပမှ စားအုန်းဆီတင်သွင်း ဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီများမှ တာဝန်ရှိသူများကို ယနေ့မွန်းလွဲပိုင်းက စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ဦးစွာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်က စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီသည် လမ်းညွှန်မှုနှင့်အညီ စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် စားအုန်းဆီဝယ်ယူသုံးစွဲနိုင်ကြစေရေး ထိန်းကျောင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ စားအုန်းဆီတစ်ပိဿာ အခြေခံလက်ကား ရည်ညွှန်းဈေးကို အပတ်စဉ် ထုတ်ပြန်ပေးလျက်ရှိပြီး သက်ဆိုင်ရာ ဒေသသို့ သတ်မှတ်ကာလအတွင်း သတ်မှတ်ပမာဏအတိုင်း စားအုန်းဆီ ဖြန့်ဖြူးရောက်ရှိစေရေး၊ ဖြန့်ဖြူးရောင်းချကြရာတွင် အရည်အသွေး၊ အရေအတွက်၊ အလေးချိန် ပြည့်မီစေရေး၊ ဈေးနှုန်းမှန်ကန်မှုရှိစေရေး စနစ်တကျ ထိန်းကျောင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ စားအုန်းဆီ တင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများသို့ စားအုန်းဆီ ဖြန့်ဖြူးရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသောနည်းလမ်းများဖြင့် သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ စစ်ဆေးတွေ့ရှိရပါက တာဝန်ရှိသူ အဆင့်ဆင့်အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွား မည် ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စားအုန်းဆီတင်သွင်းဖြန့်ဖြူးလျက်ရှိသည့် လုပ်ငန်းရှင်များ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြသထားသော အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူလေးများ၏ စိတ်ကူးပုံဖော်ရေးဆွဲထားသော ပန်းချီလက်ရာများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

အဆိုပါ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ဇော်၊ ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူး ဦးဇော်ဇော်၊ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးနန္ဒဝင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့နှင့် တာဝန်ရှိသူများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ် / ကျေးအုပ်ချုပ်ရေးမှူးနှင့် အကျိုးဆောင် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ - မိုင်းဆတ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျိုင်းတုံမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ကျိုင်းတုံ-မိုင်းဆတ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက သစ်တောပြုစု ထိန်းသိမ်းခြင်းဆိုင်ရာ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများ၊ ဒေသအတွင်း Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဒေသဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်း ထိန်းချုပ်ရေးနှင့် တောမီး ထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများ၊ တောမီးလောင်ကျွမ်းမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**
**(ပြန်/ဆက်)**

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၄၈

ရက်

သာ လိုတော့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

**မုံရွာ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းတို့ ပူးပေါင်းလှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်သည့် စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေးဈေးရုံ အလျား ပေ ၁၀၀၊ အနံ ပေ ၁၀၀၊ Steel Structure တစ်ထပ် ဈေးရုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လျှပ်စစ်ရှော့ဖြစ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မြို့မဈေးကြီး နှစ်ထပ်ဈေးရုံ တစ်ရုံ၊ တစ်ထပ်ဈေးရုံ သုံးရုံ အဆင့်မြှင့်တင် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် လမ်းအမှတ် (၁၁) လမ်းအရှည်ပေ ၂၅၀၀၊ အကျယ် ၁၈ ပေ လမ်းအကျယ်ချဲ့၍ ကတ္တရာလမ်းခင်းကျင်းနေမှုနှင့် ပိုးတန်းရပ်ကွက် ရွှေညောင်ပင်လမ်း လမ်းအရှည် ပေ ၁၀၅၀၊ အကျယ် ၁၆ ပေ လမ်းအကျယ်ချဲ့၍ ကတ္တရာလမ်းခင်းကျင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင် ၃၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ဆေးသိုလှောင်ရုံ RC တစ်ထပ်အဆောက်အအုံသစ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေးနှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ယင်းနောက် လျှပ်စစ်ရှော့ဖြစ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မြို့မရဲစခန်းရှိ ဓမ္မာရုံ ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ မြို့နယ်အဆင့်ပြုလုပ်

**တွံတေး နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ (မြို့နယ်အဆင့်) အခြေခံပညာ အထက်တန်းအဆင့်သင် ဆရာ ဆရာမများအား ဥပဒေအသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ယုဇနခန်းမ၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသက်ပိုင်စိုးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးအံ့ဘွယ်ဝသန် ဦးဆောင်သော ဆရာ ဆရာမလေးဦးတို့က အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် အခြေခံအားဖြင့် သိရှိနားလည်ရန် လိုအပ်သည့် ဥပဒေကို အကျဉ်းမျှသိရှိစေရန်နှင့် ဥပဒေ၏ သဘောသဘာဝများကို နားလည်သဘောပေါက်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေစသည့် အခန်းကဏ္ဍများအလိုက် သင်ကြားပို့ချခဲ့သည်။



အဆိုပါ ဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၅၆ ဦးကို သင်ကြားပို့ချကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## ဒေးဒရဲမြို့၌ အခြေခံပညာအထက်တန်းအဆင့် ဥပဒေအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲကျင်းပ

**ဒေးဒရဲ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းအဆင့် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား သိသင့်သိထိုက်သည့် ဥပဒေအသိပညာများကို သင်ကြားပြသပေးနိုင်ရေး ရည်ရွယ်၍ အခြေခံပညာ အထက်တန်းအဆင့် ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ကရဝိက်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ခိုင်က မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ပညာသင်ကြားလျက်ရှိသည့် KG+11၊ KG +12 ကျောင်းသား ကျောင်းသူများသည် အသက် (၁၇)၊ (၁၈) နှစ် အရွယ်များဖြစ်ပြီး KG+12ပြီးလျှင် အသက်အရွယ်အရ မဲပေးရန် အကျုံးဝင်သူများ ဖြစ်လာနိုင်၍ သိထားသင့်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေအပါအဝင် သိသင့်သိထိုက်သည့် ဥပဒေများကို သင်ကြားပေးနိုင်ရေး ဖွင့်လှစ်ပေးရခြင်းဖြစ်ပြီး ယခုသင်တန်းက ပို့ချပေးမည့် သင်ခန်းစာများကို မှတ်သားအသုံးချ၍ ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားပြသပေးသွားရန် ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးစိုးပိုင်က သင်တန်းစည်းကမ်းချက်များကို ဟောပြောခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

# ဆည်မြောင်းဂုဏ်ဆောင် ကြက်မောက်တောင် (၂)

ဦးမျိုးမြင့်




ကြက်မောက်တောင် ရေလှောင်တမံကို တွေ့ရစဉ်။




ကြက်မောက်တောင် ဆည်ရေသောက်စနစ်ပြပုံ။

**ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်းအဆင့်ဆင့် ဆောင်ရွက်နိုင်ရန် တော်လှန်ရေးကောင်စီအစိုးရနှင့် ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ (ယခု ရုရှားနိုင်ငံ)တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အောက်တွင် စီမံကိန်းအတွက် လိုအပ်ကျွမ်းကျင်ပညာရှင်များအပါအဝင် စက်ယန္တရား / ယာဉ်/စက်ပစ္စည်းကိရိယာများ ထောက်ပံ့မှုကိုပါ မြန်မာနိုင်ငံဘက်မှ ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။**

၁၉၅၃ ခုနှစ် နိုဝင်ဘာလတွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန (လယ်/သစ်)၊ ဆည်မြောင်းဌာနမှ ရှေးဦးစူးစမ်း လေ့လာတိုင်းတာမှုများ စတင်လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် ၁၉၅၇ ခုနှစ် ဇန်နဝါရီလမှစ၍ လယ်/သစ် ဝန်ကြီးဌာနအောက်ရှိ မြေယာနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း (Land and Rural Development Corp.-LRDC) (မြေ/ကျင်း/ရှင်း)မှ ကမကထပြု၍ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၏ ကျွမ်းကျင်မှု အကူအညီရရှိရန် ဆောင်ရွက်ခဲ့ပါသည်။

ဆိုဗီယက်ပါရဂူ လေးဦးနှင့် မြန်မာအင်ဂျင်နီယာ ၁၇ ဦးတို့ ပါဝင်သောအဖွဲ့သည် ကွင်းဆင်းလျက် အသေးစိတ်စူးစမ်းလေ့လာတိုင်းတာခြင်း၊ အခြေပြဒီဇိုင်းပုံထုတ်လုပ်ခြင်း (Conceptual Design) စသည့် လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါသည်။ ၁၉၅၇ ခုနှစ် ဒီဇင်ဘာလတွင် စီမံကိန်းအသေးစိတ်ဒီဇိုင်းပုံများထုတ်ခြင်း၊ ခန့်မှန်းခြေစာရင်းများ ပြုစုရေးဆွဲခြင်း အဝဝကို ပြီးစီးခဲ့ကြပါသည်။

**မြေသားတမံကို စတင်တည်ဆောက်ခဲ့**

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးတောင်ဒေသ အခြေပြုရေဆင်းဧရိယာ ၁၃၈ ဒသမ ၉၈ စတုရန်းမိုင် (ကျောက်ပုံချောင်း ၇၈ နှင့် တောင်ဇင်းချောင်း ၆၀ ဒသမ ၉၈) မှ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၃၅၂၀၀ ကို ရယူသိုလှောင်နိုင်ရန် ကျောက်ပုံချောင်းနှင့် တောင်ဇင်းချောင်းပေါင်းဆုံရာ အထက်ဘက်တွင် တမံအူကြောင်းအဖြစ် ရွေးချယ်လျက် မကြီးတိုင်းကျေးရွာအနီး စကားပေါ်တောင်ကုန်းနှင့် ကျောက်ပုံချောင်း၏ ဝဲဘက်ကမ်းရှိ ကြက်မောက်တောင်စွန်းတို့ ဆက်သွယ်ထိစပ်၍ မြေသားတမံ (Homogeneous Earth Embankment)ကို စတင်တည်ဆောက်ခဲ့ပါသည်။

> ❍ **ဆည်ရေသောက်စနစ်ကိုလည်း ဒီဇိုင်းစနစ် ချမှတ်လျက် စုစုပေါင်း အလျား ၁၈ ဒသမ ၂၃ မိုင်ရှိ လက်ဝဲ/လက်ယာ တူးမြောင်းမကြီး နှစ်ခု၊ အလျား ၃၉ ဒသမ ၂၂ မိုင်ရှိ လက်တံမြောင်းများ (Distribu-tary Canals) ကိုးခုတို့မှ လယ်မြေဧရိယာ ၂၉၇၈၆ ဧက (၁၉၆၇-၁၉၆၈)ကို ဆည်ရေပေးဝေနိုင်ရန် သတ်မှတ်ခဲ့**

ဒီဇိုင်းတွက်ချက်မှုအရ တမံအလျား ပေ ၈၅၀၀၊ တမံ အမြင့် ၁၁၂ ဒသမ ၅ ပေ (RL 950.50 ft)၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၇၃၁၀၀ (RL 937.0 ft) နှင့် ရေပြင်ကျယ် ဧရိယာဧက ၁၈၀၀ အသီးသီးရှိပါသည်။ ရေဝပ်ဧရိယာအတွင်း ကျရောက်ရေနစ်မြုပ်သော ကျေးရွာ ကိုးရွာရှိရာ ထိုကျေးရွာများကို တမံ၏အောက်ဘက် လက်ယာတူးမြောင်းရေသောက်ဧရိယာအတွင်း လယ်ယာလုပ်ကိုင်နိုင်ရန် နစ်နာကြေးများ ထောက်ပံ့ကာ ကျေးရွာသစ်များ ထူထောင်ပြောင်းရွှေ့နေရာချထားပေးခဲ့ပါသည်။

**တမံရေပိုလွှဲတို့ကို တည်ဆောက်**

ထိုနည်းတူစွာပင် တမံနှင့် ဆက်နွယ်ရေအားအဆောက်အအုံများဖြစ်ကြသည့် အလျား ၄၃၄ ပေ၊ အချင်း ခုနစ်ပေရှိ သံကူကွန်ကရစ် ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ ရေလျှံလမ်း အကျယ် ပေ ၃၀၀၊ အလျား ပေ ၁၄၀၀ ရှိ ဒီဇိုင်းရေထုစီးနှုန်း ၁၃၂၀၀ ကုဗပေ/ စက္ကန့် စီးဆင်းနိုင်သော တမံရေပိုလွှဲတို့ကို တည်ဆောက်ခဲ့ကြပါသည်။

ဆည်ရေသောက်စနစ်ကိုလည်း ဒီဇိုင်းစနစ် ချမှတ်လျက် စုစုပေါင်း အလျား ၁၈ ဒသမ ၂၃ မိုင်ရှိ လက်ဝဲ/လက်ယာ တူးမြောင်းမကြီး နှစ်ခု၊ အလျား ၃၉ ဒသမ ၂၂ မိုင်ရှိ လက်တံမြောင်းများ (Distributary Canals) ကိုးခုတို့မှ လယ်မြေဧရိယာ ၂၉၇၈၆ ဧက (၁၉၆၇-၁၉၆၈)ကို ဆည်ရေပေးဝေနိုင်ရန် သတ်မှတ်ခဲ့ကြပါသည်။

ကြက်မောက်တောင်စီမံကိန်းအား ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆက်စပ်၍လည်း ပြည်တွင်း/ပြည်ပတို့မှ အသီးသီးတာဝန်ယူထားကြသည့်အလျောက် လူ/ပစ္စည်း/စက်ယန္တရား/ယာဉ်စသည့် သွင်းအားစုများအခြေအနေကိုလည်း ဖော်ပြလိုပါသည်။ ၁၉၆၂ ခုနှစ် ဩဂုတ်လတွင် စီမံကိန်းအတွက် လိုအပ်သော ပညာရပ်ဆိုင်ရာ ပါရဂူများ၊ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ပုဂ္ဂိုလ်များအတွက် ကုန်ကျစရိတ်ကိုလည်းကောင်း၊ လုပ်ငန်းများနှင့် လိုက်ဖက်စွာ အသုံးပြုနိုင်မည့် စက်ယန္တရားများ၊ စက်ပစ္စည်းကိရိယာများ၊ ယာဉ်များ စသည့်တို့အတွက် ကုန်ကျစရိတ်ကိုလည်းကောင်း လိုအပ်မည့် ငွေကြေးကို USSR မှ တော်လှန်ရေးကောင်စီအစိုးရသို့ ချေးငှားရန် ရန်ကုန်မြို့၌ ၁၉၆၃ ခုနှစ် ဇွန်လတွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

ထို့နောက် ဆိုဗီယက်အင်ဂျင်နီယာချုပ် မစ္စတာလစ်တင်းစကီး (Mr.Litinsky) သည် မြန်မာနိုင်ငံသို့ ဆိုဗီယက် အင်ဂျင်နီယာ ၁၂ ဦးအား ဦးဆောင်လျက် ရောက်ရှိလာခဲ့ပါသည်။ မြန်မာဘက်မှ အင်ဂျင်နီယာ/ ကျွမ်းကျင်ပညာရှင် ၄၃ ဦး ပါဝင်သောအဖွဲ့နှင့်အတူ စီမံကိန်းဒေသ၌နေထိုင်၍ ကဏ္ဍစုံမှ တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ကိုင်လာခဲ့ကြပါသည်။ ဆိုဗီယက် အင်ဂျင်နီယာ ၁၂ ဦးတွင် မိမိမှတ်မိသမျှ အင်ဂျင်နီယာချုပ် တစ်ဦး၊ စကားပြန် သုံးဦး၊ တိုင်းတာရေးအင်ဂျင်နီယာ တစ်ဦး၊ ဒီဇိုင်းအင်ဂျင်နီယာ နှစ်ဦး၊ ကျောက်မိုင်းအင်ဂျင်နီယာတစ်ဦး၊

*စာမျက်နှာ ၇ သို့*



ဆည်ရေဖြင့် အောင်မြင်ဖြစ်ထွန်း စိုက်ခင်းများ (ဝဲမြောင်း)။



ဆည်ရေဖြင့် အောင်မြင်ဖြစ်ထွန်း စိုက်ခင်းများ (ယာမြောင်း)။

## ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများအကြောင်း အသိပညာပေးဟောပြော

**သနပ်ပင် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများအကြောင်း မိခင်နှင့်ကလေးများအား အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၆ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာ ခွန်စောထွန်းက ကိုယ်ဝန်ဆောင်မိခင်များအား ပိုလီယိုရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါ (ရိုတာ) ကာကွယ်ဆေးများ အကြောင်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက် သိုး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများနှင့် မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကေခိုင်ဝင်းနှင့် အဖွဲ့ဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေးသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**သရက် နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အခွန်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ဖြင့် ကပ်နှိပ်ရောင်းချသည့် လုပ်ငန်းရှင်များဖြစ်သော စားသောက်ဆိုင်၊ ဟိုတယ်နှင့်တည်းခိုခန်း၊ ရွှေထည်လက်ဝတ်ရတနာများ ရောင်းချသည့် လုပ်ငန်းရှင်များ ၊ ရုပ်သံလွှင့် မီဒီယာလုပ်ငန်းနှင့် လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်းရှင်များအား အခွန်နှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသက်အောင်က အခွန်ကောက်ခံခြင်းကိစ္စနှင့်ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရခြင်း၏ရည်ရွယ်ချက်၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း၊ အခွန်ပေးသွင်းခြင်း၊ ပျက်ကွက်မှုအတွက်ပြစ်ဒဏ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အခွန်ထမ်း ပြည်သူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၏ အဓိက ဒေသထုတ်ကုန် ဆောင်းကြက်သွန်နီများ စိုက်ပျိုးဆောင်ရွက်လျက်ရှိ

**ဆိပ်ဖြူ နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ဆောင်းသီးနှံကြက်သွန်နီကို စိုက်ပျိုးဆောင်ရွက်လျက်ရှိကာ စိုက်ပျိုးရန်လျာထား ဧက ၇၉၀၀ ရှိပြီး စိုက်ပျိုးပြီး ၃၅၈၉ ဧက ဖြစ်ကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၏ ဒေသခံတောင်သူများသည် ဒေသ၏အဓိက စိုက်ပျိုးရေးထုတ်ကုန်ဆောင်းကြက်သွန်နီများကို စိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်း/ ပြည်ပများသို့ တင်ပို့ရောင်းချကြသည်။ ကြက်သွန်နီကို ဆောင်းရာသီကာလ၌ ယောချောင်း၊ ကိုင်းစိုက်ပျိုးမြေနှင့် လယ်မြေတို့တွင် မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ကြသည်။ ကြက်သွန်နီကို ကြမ်းကျဲ၊ ဇော်မွှား ဥသေးစိုက်ပျိုးခြင်းနှင့် မျိုးစေ့မှ တစ်ဆင့် ပျိုးထောင်စိုက်ပျိုးခြင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ ကြက်သွန်နီကို ကြမ်းကျဲ ၊ ဇော်မွှားဥသေးစိုက်ပျိုးခြင်းကို နှစ်စဉ် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် စိုက်ပျိုးဆောင်ရွက်ပြီး ကြက်သွန်နီ အပင် စိုက်ပျိုးရန် တန်ဆောင်မုန်းလကုန်နှင့် နတ်တော်လဆန်းပိုင်းတို့တွင် ပျိုးထောင်ပြီး ပြာသိုလတွင် စိုက်ပျိုးဆောင်ရွက်ကြကြောင်း၊ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရာတွင် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် ကြက်သွန်နီမျိုးနှင့် မြေပြင်၊ စိုက်ပျိုး ၊ သွင်းအားစုမြေဩဇာတို့အတွက် တစ်ဧကလျှင် ကျပ်သိန်း ၃၀ မှ ၃၅ သိန်းအထိ ကုန်ကျမှုရှိကြောင်း၊ ယခင်စိုက်ပျိုးရာသီမှထွက်ရှိသော ကြက်သွန်နီများ ကနဦးပိုင်းက ဈေးကွက် အရောင်းအဝယ်သွက်ခဲ့ကာ နောက်ပိုင်းကာလနှင့် လက်ရှိအချိန်တွင် ဈေးကွက်အရောင်းအဝယ်အေးနေပြီး ယခု ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုအတွက် ဈေးရရှိရန်မျှော်လင့်ကြောင်း ကြက်သွန်နီစိုက်ပျိုးတောင်သူများထံမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၆ မှ*

ရေ-မြေ-ကွန်ကရစ်စမ်းသပ်ဓာတ်ခွဲခန်း ကျွမ်းကျင်ပညာရှင် တစ်ဦး၊ စက်ယန္တရား/ စက်ပစ္စည်း/ ယာဉ်ဆိုင်ရာ အင်ဂျင်နီယာ/ ကျွမ်းကျင်ပညာရှင် သုံးဦးတို့ ဖြစ်ကြပါသည်။

**အသုတ်လိုက် သယ်ယူရောက်ရှိခဲ့**

ဆက်လက်၍ စီမံကိန်းအတွက် USSR မှ တင်သွင်းလာမည့် စက်ယန္တရား/စက်နှင့် စက်ပစ္စည်းများ/မော်တော်ယာဉ်များ အမျိုးအစားနှင့် အရေအတွက်ကို ဖော်ပြလိုပါသည်။ ယင်းတို့မှာ တမံဖို့မြေ/ကျောက်သယ်ယာဉ်များ၊ မြေတူး-မြေတင် စက်ယန္တရားများ၊ မြေ-ကျောက်တင် စက်ယန္တရားများ၊ ကားကရိန်းဝန်ချီစက်များ၊ မြေတူး-မြေဖြန့် စက်ယန္တရားများ၊ ဆီသယ်/ရေသယ်ယာဉ်များ၊ မြေညှိစက်များ၊ လျှပ်စစ်သုံး မြေအောက်ရေစုပ်တင်စက်များ၊ အကြီးတန်းအင်ဂျင်နီယာသုံးယာဉ်များ၊ လျှပ်စစ်မီးစက်များ စသည့် စက်ယန္တရား/ယာဉ်/စက် စုစုပေါင်း ၂၉ မျိုး၊ စီးရေပေါင်း ၂၈၀ ခန့်တို့ကို ရန်ကုန်ဆိပ်ကမ်းမှ စီမံကိန်းစခန်းသို့ အသုတ်လိုက် သယ်ယူရောက်ရှိခဲ့ပါသည်။

**ခွဲဝေတာဝန်ချထား**

တင်သွင်းခဲ့သော စက်ယန္တရား/စက်နှင့် စက်ပစ္စည်း/ ယာဉ် မျိုးစုံအပြင် လယ်/သစ် ဝန်ကြီးဌာန၊ ဆည်မြောင်းဌာနပိုင် လက်ဝယ်ရှိပြီး ခွဲဝေတာဝန်ချထားနိုင်သော မြေသယ်မြေဖို့ စက်ကြီးများ၊ မြေတူးမြေထိုးစက်ယန္တရားများ၊ မြေညှိစက်များ၊ လမ်းကြိတ်စက်များ၊ ဘီးတပ်မြေထိုး/မြေဖြန့်စက်ယန္တရားများ၊ ဝန်ချီကားကရိန်းများ၊ မြေသယ်ယာဉ်ကြီးများ၊ ထရပ်/တစ်ပါယာဉ်များ၊ ဆီသယ်/ရေ သယ်ယာဉ်များ၊ မြေကြိတ် ဆူးလုံးများ၊ ကွန်ကရစ်ဖျော်စက်များ၊ ကျောက်ခွဲစက်များ၊ မြေ/ကျောက်တင်စက်ယန္တရားများ၊ ရွှံ့လျှားမြေတူးစက်များ၊ စက်ယန္တရားကြီးများ သယ်/ရွှေ့ယာဉ်များ၊ လျှပ်စစ်ဓာတ်အား ပေးစက်များ စသည့် စက်ယန္တရား/ယာဉ်/စက်အမျိုးအစား ၃၃ မျိုး စုစုပေါင်း စီးရေ ၃၀၀ ခန့်ကိုပါ ခွဲဝေတာဝန်ချထားခဲ့ပါသည်။

ကြက်မောက်တောင်စီမံကိန်းပြီးစီးသည်အထိ ဆောင်ရွက်လုပ်ကိုင်ခဲ့ရာတွင် အင်ဂျင်နီယာများ/ကျွမ်းကျင်ပညာရှင်များ/ကျွမ်းကျင်လုပ်သားများ ပါဝင်မှုမှာ မြို့ပြအင်ဂျင်နီယာ ရာထူးအဆင့်ဆင့် ၁၄၆ ဦး၊ စက်မှုအင်ဂျင်နီယာ ရာထူးအဆင့်ဆင့် ၂၉ ဦး၊ စက်ပြင်လုပ်သား ၄၃ ဦး၊ စက်မောင်းလုပ်သား ၂၁၄ ဦး၊ စက်တပ်ဆင်လုပ်သား ၁၈၁ ဦး၊ ပန်းရံ/လက်သမား/ သာမန်လုပ်သား ၂၇၀၇ ဦးတို့ ဖြစ်ကြပါသည်။

ကြက်မောက်တောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆိုဗီယက်အင်ဂျင်နီယာများ၊ ကျွမ်းကျင်ပညာရှင်များအတွက် ခန့်မှန်းကုန်ကျငွေ၊ စီမံကိန်းအတွက် ဖြည့်တင်းပေးခဲ့ရသော စက်ယန္တရားများ/စက်နှင့်စက်ပစ္စည်းများ တန်ဖိုးခန့်မှန်းကုန်ကျငွေတို့ကို ထည့်သွင်းထားခြင်းမရှိဘဲ မြန်မာနိုင်ငံဘက်မှ စိုက်ထုတ်သုံးငွေ စီမံကိန်း ကုန်ကျစရိတ်ကိုသာ ဖော်ပြလိုပါသည်။ စီမံကိန်း ကုန်ကျစရိတ် (ချေးငွေမပါ)မှာ ကျပ် ၅၆၉ ဒသမ ၈၅ သိန်းဖြစ်၍ ထိုကုန်ကျငွေနှင့်ညီမျှ ရွှေအောင်စမှာ ၃၃၆၆၃၄ ဒသမ ၇၄၃ ဖြစ်သဖြင့် ယင်းငွေနှင့်ညီမျှ ရွှေပိဿာမှာ ၆၄၉၂၇၅ ဒသမ ၃၅၉ ကျပ်သားဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကြက်မောက်တောင်ဆည် ကမ္ပည်းကျောက်စာကို နှမ်းဖတ်ကျောက် (Granite) ကျောက်တုံးအား ထုဆစ်၍ မျက်နှာပြင်တွင် စီမံကိန်း အချက်အလက်များကို ဖော်ပြထားပါသည်။ ၁၉၆၆– ၁၉၆၇ ခုနှစ်တွင် ရေပိုလွှဲဖြတ်ကူးတံတားအနီး စကားပေါ်တောင်ခြေရင်း၌ စိုက်ထူထားခဲ့ပါသည်။ ။




ကြက်မောက်တောင်ဆည် ကမ္ပည်းကျောက်စာ။

# ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတု ဗုဒ္ဓဝင်နှင့် (၃၈)ဖြာ မင်္ဂလာတရားတော်စာမေးပွဲ အောင်မြင်စွာဖြေဆိုခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၉**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှ ကြီးမှူး၍ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတုဗုဒ္ဓဝင်နှင့် (၃၈)ဖြာ မင်္ဂလာတရားတော်စာမေးပွဲဖြေဆိုပွဲ၌ အောင်မြင်စွာဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကန်အောက်ရပ်ကွက် သာသနာလင်္ကာရကမ္မဋ္ဌာန သာသနာ့ဗိမာန် ငါးထပ်ဆောင်၌ပြုလုပ်ရာ တောင်ကြီးမြို့ စွန်းလွန်းဂူကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အေးစေတီပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သိမ်တောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တတေဇဝန္တထံမှ ဩဝါဒခံယူကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) ဗဟိုသို့ သွားရောက်ဆုယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းကြသည့် အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး စာဖြေဌာနအလိုက် အကြီးတန်း၊ အလတ်တန်း ၊ အငယ်တန်းတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် အထူးအောင်မြင်သူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ညောင်ပင်-ရှားတောကျေးရွာချင်းဆက်လမ်းပေါ်ရှိ Submersible Bridge ပေ ၁၈၀ တည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက်ပြီး ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုငွေကျပ် ၄၉၆ ဒသမ ၅၅၆ သန်းဖြင့် ဆောင်ရွက်သော (အလျား ပေ ၁၀၀ x အနံ ပေ ၃၀)၊ RCC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် လိုအပ်သည်များ မှာကြားခဲ့သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဆီထွက်သီးနှံ (နေကြာ) အထူးဇုန်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းသို့ရောက်ရှိပြီး နေကြာများ စိုက်ပျိုးသည့်အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး တောင်သူများ၏ စိုက်ပျိုးရေလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ထွန်းလင်း(ဇေယျာမြေ)**





## ပူတာအိုမြို့နယ်၌ သဲကျောက်ခင်းခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**ပူတာအို နိုဝင်ဘာ ၉**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် ပူတာအိုခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ကျေးရွာချင်းဆက်လမ်းများ သဲကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဆွေသည် ခရိုင်ဦးစီးမှူး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသော်ဇင်ဦးနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်းပေါင်း ၈၂ ဒသမ ၀၃၆ သန်းဖြင့် ဆောင်ရွက်သည့် ပူတာအိုမြို့နယ် ပမ္မတီးကျေးရွာနှင့်ဂျေဂျီဒီကျေးရွာချင်းဆက်သွယ်ထားသော လမ်းအရှည်နှစ်မိုင်ကို လမ်းအကျယ် ၁၈ ပေ၊ ဒုခြောက်လက်မဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းခင်းခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၆၀ ဒသမ ၄၃၈ သန်းဖြင့် ပူတာအိုမြို့နယ် နမ်ရှယ်ရိုးဒီကျေးရွာနှင့် နမ်ရှယ်ဇွပ်ကျေးရွာချင်းဆက်လမ်းအရှည်တစ်မိုင်တစ်ဖာလုံ သဲကျောက်လမ်းခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်ကုမ္ပဏီက လမ်းခင်းခြင်းလုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုသို့ကွင်းဆင်းစစ်ဆေးစဉ် ပြည်နယ်ဦးစီးမှူးက ကျေးရွာများအတွက် အမှန်တကယ် ရေရှည်အကျိုးပြုသည့် လမ်းများ ဖြစ်စေရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။ **ဖုန်ကန်(ပူတာအို)**

## မိုင်းဆတ်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေများနှင့် ချစ်ခင်ရင်းနှီးကျွမ်းဝင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားစေရန် ရည်ရွယ်၍ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း-ခွဲ (အလက-၁) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထက(မိုင်းဆတ်)၊အထက-ခွဲ (အလက-၁) နှင့် အထက-ခွဲ (အလက-၂) ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အထက-ခွဲ (အလက-၁) ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းဖြင့် သရုပ်ဖော်ကပြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြို့ပေါ်ရှိ ကျောင်းခုနစ်ကျောင်း၏ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် အခြေခံပညာအထက်တန်းအဆင့်



ကျပန်းစကားပြောပြိုင်ပွဲကျင်းပကာ အထက-ခွဲ(အလက-၂) ကျောင်းသား ကျောင်းသူများက “ရွှေလက်ကမ်း၍ ကြိုနေမယ်” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူငယ်စကားဝိုင်းကျင်းပသည်။ ယင်းနောက် တာဝန်ရှိသူများက ကျပန်းစကားပြော၊ စာစီစာကုံးနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အထက (မိုင်းဆတ်) ကျောင်းသား ကျောင်းသူများက “အလှဆုံးပန်းများ ပွင့်ကြပြီ” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်သည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# လုံခြုံရေးတပ်ဖွဲ့ဝင် မိသားစုများအတွက် စက်ချုပ်၊ စားသောက်ကုန်၊ လူသုံးကုန် သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်



ပဲခူး နိုဝင်ဘာ ၉

**လုံခြုံရေးတပ်ဖွဲ့ဝင်မိသားစုများအတွက် စက်ချုပ်၊ စားသောက်ကုန်၊ လူသုံးကုန်သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က ပဲခူးမြို့ ရန်ငြိမ်းအေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ချုပ်နည်းပညာ၊ စားသောက်ကုန်ပြုလုပ်ခြင်း နည်းပညာနှင့် လူသုံးကုန်ပြုလုပ်ခြင်း နည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင် မိသားစုများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်းအပြင် ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊ သင်တန်းအလိုက် ထူးချွန်သူများအား လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံပြီး ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက သွင်းကုန်အစားထိုးနိုင်ခြင်း၊ သယ်ယူစရိတ်လျော့နည်းသဖြင့် ဈေးနှုန်းချိုသာခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမတည်ရမည့် ငွေကြေးအခက်အခဲရင်ဆိုင်မှုမှ ကင်းဝေးနိုင်ခြင်းတို့ကြောင့် ယခုလို သက်မွေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က သင်တန်းအလိုက် ထူးချွန်ဆုရရှိကြသူများကို လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် စားသုံးကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်အမျိုးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သင်တန်းနည်းပြများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များ စုပေါင်းလှူဒါန်းမှုဖြင့် နေပူခံကျောက်ပြားခင်းနေမှုနှင့် အာရုံခံတန်ဆောင်းများ ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အခုဆုရတဲ့စာအုပ်က သုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ်နဲ့ ရရှိတာဖြစ်တဲ့အတွက် မတူညီတဲ့ ဘာသာရပ်နဲ့ ဒီနှစ်မှာ ဆုရရှိတာကြောင့် ပိုပြီးကျေနပ်အားရမိပါတယ်

ဒေါက်တာတင်ထွန်းဦး

စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ အသည်းနှလုံးဖြစ်ပြီး လူသားတို့၏ ဘဝမြှင့်တင်မှုကို တွန်းအားပေးရာလည်းဖြစ်သည်။ သုတစာပေသည် အတွေးအခေါ်ကို ရှင်သန်စေပြီး ရသစာပေသည် နှလုံးသားကိုနူးညံ့စေကာ အမှားအမှန်ကို ဝေဖန်နိုင်စွမ်းရှိသည်။ သုတရသပေါင်းစည်းမှုသည် ဖွံ့ဖြိုးတိုးတက်လိုသော စိတ်ဆန္ဒ၊ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်တို့ကို ရှင်သန်စေသည်။ စာပေဖတ်ရှုလေ့လာမှုမှ တီထွင်ကြံဆလိုမှုနှင့် မှန်ကန်သောအတွေးအခေါ်တို့ကို ပေးစွမ်းလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က စာပေကို မြတ်နိုးတန်ဖိုးထား၍ စာပေပညာရှင်တို့၏ စာပေဂုဏ်ကို အသိအမှတ်ပြုတန်ဖိုးထားသောအားဖြင့် အမျိုးသားစာပေဆုများကို နှစ်စဉ်ချီးမြှင့်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ၂၀၁၄ ခုနှစ်၏ အမျိုးသားစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များကို ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါ အမျိုးသားစာပေဆု ရရှိကြသူများထဲမှ စာပေပညာရှင် ဒေါက်တာတင်ထွန်းဦး၏ စကားသံတို့ကို စာပေချစ်သူတို့ထံ ဝေမျှလိုက်ရပါသည်။

**ဒေါက်တာတင်ထွန်းဦး**
**(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)**

ကျွန်တော့်အနေနဲ့ စာဖတ်သူတွေရဲ့ အားပေးမှုကို အထူးရရှိခဲ့တဲ့ ဒီစာအုပ်ကို အခုလို နိုင်ငံတော်ရဲ့ အသိအမှတ်ပြုခြင်း ခံရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဖတ်ရှုအားပေးခဲ့ကြတဲ့ စာဖတ်ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ အခုရရှိတဲ့ အမျိုးသားစာပေဆုဟာ လေးကြိမ်မြောက်ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်နဲ့ ၁၉၉၄ ခုနှစ်မှာ နှစ်ကြိမ်ရရှိခဲ့ပြီး နှစ်ပေါင်း ၃၀ နီးပါးလောက်ကြာမှ ၂၀၂၃ ခုနှစ်အတွက် မနှစ်ကရခဲ့ပါတယ်။ အခု ၂၀၁၄ ခုနှစ်အတွက် ထပ်မံရရှိတာကြောင့် လေးကြိမ်မြောက်လည်း ဖြစ်ပါတယ်။ အရင်သုံးကြိမ်ရရှိခဲ့စဉ်က သုတပဒေသာ ဘာသာရပ်ရဲ့ အသုံးချသိပ္ပံနဲ့ ရိုးရိုးသိပ္ပံဆိုတဲ့ ဘာသာရပ်တွေမှာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အခုဆုရတဲ့စာအုပ်က သုတပဒေသာ(ဝိဇ္ဇာ)ဘာသာရပ်နဲ့ ရရှိတာဖြစ်တဲ့အတွက် မတူညီတဲ့ဘာသာရပ်နဲ့ ဒီနှစ်မှာ ဆုရရှိတာကြောင့် ပိုပြီးကျေနပ်အားရမိပါတယ်။



ဒေါက်တာတင်ထွန်းဦး

ပြည်သူလူထုအနေနဲ့ ဘဝမှာ ချမ်းမြေ့ပျော်ရွှင်စွာနေချင်ရင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အသက်ရှည်ချင်ရင် ဖိစီးမှုရှင်းပြီး သောကကင်းဖို့ လိုပါတယ်။ ဒီစာအုပ် နာမည်က ဖတ်ရလွယ်အောင် "ဖိစီးမှုရှင်း သောကကင်း" ဆိုပေမယ့် တကယ်တမ်း ပိုပြီး ဆီလျော်တဲ့အမည်ကတော့ "ဖိစီးမှုများကိုကျော်လွှား၊ သောကကို ဖယ်ရှား" ဖြစ်ပါတယ်။ လူတိုင်းရင်ဆိုင်ကြုံတွေ့နေကြရတဲ့ Stress လို့ခေါ်တဲ့ ဖိစီးမှုတွေကို ဖယ်ရှားပစ်ဖို့ခက်လှပါတယ်။ အထူးသဖြင့် စိတ်ဖိစီးမှုတွေကို စနစ်တကျရင်ဆိုင်ဖြေရှင်းကျော်လွှားပြီး ရှင်းသွားစေနိုင်ပါတယ်။ အဲဒီလိုပဲ Anxiety လို့ခေါ်တဲ့ သောကကိုတော့ ဖယ်ရှားပစ်လို့လည်းရပါတယ်။ မဖယ်ရှားနိုင်တဲ့ သောကတွေကို မှန်မှန်ကန်ကန် ရင်ဆိုင်နိုင်ရင် သောကတွေကင်းသွားမှာ ဖြစ်ပါတယ်။

ဖိစီးမှုရှင်းပြီး သောကကင်းစေဖို့ သိပ္ပံနည်းကျ နည်းလမ်းကောင်းတွေကို စနစ်တကျပြုစုပြီး ကျွန်တော့်ရဲ့အတွေ့အကြုံ၊ ခံယူချက်နဲ့ လက်တွေ့ကျင့်သုံးနေထိုင်မှု နည်းလမ်းတွေကိုပါ ထည့်သွင်းပြီး ပြည့်ပြည့်စုံစုံ ရိုးရိုးရှင်းရှင်း ဖော်ပြထားတဲ့ စာအုပ်လည်းဖြစ်ပါတယ်။

စာပေနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ Accept, Analyze နဲ့ Apply ဆိုတဲ့ "A" သုံးလုံးဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ မိမိဘဝအတွက် အကျိုးပြုနိုင်မယ့် စာကောင်းပေမွန်တွေကို တတ်နိုင်သမျှ ကြိုးစားပြီးဖတ်ပါ၊ မှတ်ပါ။ ရနိုင်သမျှ လက်ခံစုဆောင်းပါ။ Accept လုပ်ပါ။ အဲဒီကရတဲ့အချက်အလက် (Information)နဲ့ ဗဟုသုတ(Knowledge) တွေကို စဉ်းစားဆင်ခြင်သုံးသပ်ပြီး Analyze လုပ်ပြီး မိမိရဲ့ကိုယ်ပိုင်ပစ္စည်းဖြစ်စေပါ။ ပြောချင်တာက မိမိရဲ့အသိဉာဏ်ပညာ (Wisdom)နဲ့ အတွေးအခေါ်(Idea) တွေကို ရင့်သန်ထက်မြက်စေပါ။ အသိဉာဏ်ပညာကို လက်တွေ့အသုံးချပြီး မိမိဘဝမှာ ကျန်းမာအောင်မြင်ပျော်ရွှင်အောင် ကြိုးစားကြပါလို့ အကြံပြုချင်ပါတယ်။

အခုလို ထပ်မံအသိအမှတ်ပြုခံရတဲ့အတွက် ပိုပြီး အားတက်မိပါတယ်။ ပိုပြီး စာရေးချင်စိတ်တွေ ပေါ်လာပါတယ်။ ရေးစရာတွေကလည်း အများကြီးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က Lifelong Learning ဆိုတဲ့စကားနဲ့အညီ ဘဝတစ်သက်တာလုံး တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်လေ့လာနေတာဖြစ်လို့ အများပြည်သူအတွက် အကျိုးရှိမယ့်အချက်တွေကို ပိုပြီးသိလာရပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးပြုစာပေတွေကို အတတ်နိုင်ဆုံး ဆက်လက်ရေးသားသွားဖို့ ရည်ရွယ်ထားပါတယ်။

အင်တာဗျူး-သစ္စာ(MNA)
ဓာတ်ပုံ - ဖွဲ့မာန်

## မော်လမြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ( ၃၇ )နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က မော်လမြိုင်မြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းကိုဖတ်ကြားခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံ ဗီဒီယိုမှတ်တမ်းနှင့် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်း ဖွင့်လှစ်ပြသသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး (၃၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၉**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ဒဂုံတက္ကသိုလ် အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာခြင်း

ဒဂုံတက္ကသိုလ်(အဝေးသင်သင်တန်း) ၂၀၂၄ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း ပြောင်းလဲတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၁။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၅-၁၂-၂၀၂၅ ရက်နေ့ (သောကြာနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၁ မှ ၄မ-၄၀၀ အထိ၊ ဒဿနိကဗေဒ
သိပ္ပံဘွဲ့ - သင်္ချာ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၄၀၁ မှ ၄မ-၈၅၂ အထိ၊ အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့ - ရူပဗေဒ

(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

၂။ (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၆-၁၂-၂၀၂၅ (စနေနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
သိပ္ပံဘွဲ့ - သတ္တဗေဒ

(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ

၃။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၈-၁၂-၂၀၂၅ ရက်နေ့ (တနင်္လာနေ့)

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ

ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၁ မှ ၄သ-၅၀၀ အထိ
သိပ္ပံဘွဲ့ - ရုက္ခဗေဒ

ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ

ဥပဒေဘွဲ့ - ဥပဒေပညာ
ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၅၀၁ မှ ၄သ-၉၁၂ အထိ၊ စိတ်ပညာ

(အစမ်းလေ့ကျင့်ရန်- ၇-၁၂-၂၀၂၅ ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁-၁၂-၂၀၂၅ ရက်နေ့မှ ၃-၁၂-၂၀၂၅ ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

၂၄-၁၀-၂၀၂၅ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းထားသော ဒဂုံတက္ကသိုလ်၊ အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း ကြေညာချက်အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းစိုးဦး
ဌာနမှူး၊ သင်တန်းရေးရာ
ဒဂုံတက္ကသိုလ်

## ပဲခူးမြို့ တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကား

**ပဲခူး နိုဝင်ဘာ ၉**

ပဲခူးမြို့ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားဝင်းအတွင်း၌ နိုဝင်ဘာ ၆ ရက်က စတင်ကျင်းပလျက်ရှိသော ပဲခူးတန်ဆောင်တိုင်ဒုတိယနေ့ ယမန်နေ့ညပိုင်းတွင် ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ ပဲခူးတန်ဆောင်တိုင်ဒုတိယနေ့၌ စိန်နားပန်မီးပုံးပျံအကြီးခုနစ်လုံး လွှတ်တင်ပူဇော်ခြင်း အပြင် မီးပုံးပျံအသေးများလည်း ထည့်သွင်းလွှတ်တင်ပူဇော်ခဲ့ကြကာ စိန်နားပန်မီးပုံးပျံအကြီးများတွင် အထိမ်းအမှတ်သင်္ကေတများ၊ စာတန်းများ၊ ရုပ်ပုံများ ချိတ်ဆွဲလွှတ်တင်သည်နှင့်တစ်ပြိုင်နက် လှပဆန်းပြားသော မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြပြီး မီးပုံးပျံလွှတ်တင်ပူဇော်ရာတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ညနေပိုင်းအချိန်တွင်လည်း နေ့အရုပ်မီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့ကြပြီး ညပိုင်းအချိန်တွင် နိုင်ငံကျော် အနုပညာရှင် သရုပ်ဆောင်/အဆိုတော်များဖြစ်သည့် ကိုဖုန်း၊ အဂ္ဂသော်၊ နန်းခင်ဇေယျာ၊ အေမီစျာန်၊ လိမ္မော်သီးနှင့် ရန်ကုန် သီးခြားအဆိုတော်အဖွဲ့များက သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြရာ ပဲခူးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများ၊ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသူများဖြင့် ညဉ့်နက်သည်အထိ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**ဖြူး နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လူမှုဖူလုံရေးရုံး၏ အကျိုးဝင် မှတ်ပုံတင်ထားသည့် အာမခံ အလုပ်သမားတစ်ဦး၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က မြို့နယ်လူမှုဖူလုံရေးရုံး၌ ပြုလုပ်ခဲ့သည်။




အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦး၊ ဖြူးမြို့နယ်လူမှုဖူလုံရေးရုံး၊ ရုံးခွဲတာဝန်ခံ ဒေါ်သော်တာစန်းဝင်းတို့က ဖြူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာနမှ အာမခံအလုပ်သမား ဦးရန်အောင်ထွန်း၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၇၈၇၉၆၈၀၊ သမဝါယမဘဏ်လီမိတက်(ဖြူးဘဏ်ခွဲ)မှ အာမခံအလုပ်သမား ဒေါ်ပြည့်စုံဝင်း၏ ဆေးဖိုးကုန်ကျငွေကျပ် ၆၅၀၀၀၀၊ ကမ္ဘောဇဘဏ်လီမိတက် (ဖြူးဘဏ်ခွဲ) မှ အာမခံအလုပ်သမား ဒေါ်ရတနာဦး၏ မီးဖွားမှုနှင့် မီးဖွားစရိတ် အကျိုးခံစားခွင့် ငွေကျပ် ၈၃၆၀၀၀၊ ဆင်ဖြူတော် အဆင့်မြင့်သကြားစက်ရုံမှ အာမခံအလုပ်သမား ဦးမြင့်လွင်၏ နာရေးစရိတ်ငွေကျပ် ၇၅၀၀၀၀၊ ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အာမခံအလုပ်သမား ဦးသန်းဝင်းဇော်၏ နာရေးစရိတ်ငွေကျပ် ၇၂၀၀၀၀၊ ဖြူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် မိမိဆန္ဒအလျောက် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား ဦးမောင်မောင်ဦး၏ ဆေးဖိုးကုန်ကျငွေကျပ် ၅၉၃၄၀၀ ကို ထုတ်ပေးခဲ့သည်။ **နေမျိုးလွင် (ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ်၌ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနCommunity Centre ခန်းမ၌ ယနေ့နံနက်ပိုင်းက သဲတစ်ပွင့်ပရဟိတ (လူငယ်အဖွဲ့) ၏ ကူညီပံ့ပိုးပေးမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲကျင်းပသည်။

ပြိုင်ပွဲတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀ တို့က အထက်တန်းအဆင့် “ဆရာ့ကျေးဇူးဂုဏ်အင်ထူး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလွတ်တန်းအဆင့် “ပျော်ရွှင်စရာကျောင်းသားဘဝ” ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား နိုဝင်ဘာ ၁၆ ရက်တွင် ပထမဆုသုံးသိန်းကျပ်၊ ဒုတိယဆု နှစ်သိန်းကျပ်၊ တတိယဆု တစ်သိန်း၊ နှစ်သိမ့်ဆု ငါး သောင်းကျပ် ငါးဆုနှင့် အလွတ်တန်းပြိုင်ပွဲတစ်ဆု ငါးသောင်းကျပ်တို့ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ကျောက်မဲမြို့တွင် ပြန်လည်ပွင့်လန်းနေသော ပညာပန်းများ

T Z T(MoE)


မောင်ကျော်ဇင်မင်းထက်


မနန်းဥမ္မာဦး


မောင်မင်းခန့်သော်


ဦးကျော်စွာဝင်း


ဒေါ်နန်းမူရင်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းဖြစ်သည်။ ယနေ့ကလေးသူငယ် လူငယ်လူရွယ်များသည် အနာဂတ်တွင် မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို အကောင်း၊ အဆိုး ဖန်တီးနိုင်သူများဖြစ်ပြီး ပညာသင်ကြားဆည်းပူးရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကာ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ယူနိုင်ရေး မိဘ၊ ဆရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"ဆိုသည့် ဦးတည်ချက်ကို ချမှတ်ပြီး ပညာရေးကဏ္ဍကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်စီးပြီး ကျောင်းများ ပိတ်ထားခဲ့ရသောကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြား၊ သင်ယူမှုအခွင့်အလမ်းများ စာသင်နှစ်တစ်နှစ်ခန့် ဆုံးရှုံးနစ်နာခဲ့ရသည်။

ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြို့ကြီးများဖြစ်သော နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့များကို တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နေပြီဖြစ်ကာ အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ကျောက်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် စာသင်နောက်ကျခဲ့ရသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပြန်လည်ပညာသင်ကြားနိုင်ပြီဖြစ်ရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများ၏ ဝမ်းသာပီတိစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်။

**မောင်ကျော်ဇင်မင်းထက်(Grade –12)**
**အ.ထ.က(၁)၊ ကျောက်မဲမြို့**

ကျွန်တော်ကတော့ အ.ထ.က (၁) Grade–12 STEAM–1 က ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ ကျောင်းတက်နေစဉ် ရုတ်တရက်ဖြစ်ရတဲ့ တိုက်ပွဲကြောင့် ခေတ္တနေရပ်ရှောင်ခဲ့ရပါတယ်။ တခြားမြို့၊ တခြားရွာမှာ သွားနေခဲ့ရပါတယ်။ ကိုယ့်အရပ်ဒေသမဟုတ်တဲ့အတွက် အခက်အခဲများစွာ ရှိခဲ့ပါတယ်။ ကျောင်းတွေဖွင့်တော့ ကျောင်းတက်ချင်မိပါတယ်။ အခုကတော့ ကိုယ့်နေရပ်မှာကျောင်းပြန်တက်ရတော့ အင်မတန်ပျော်မိပါတယ်။ ကျောင်းနားပြီး စိတ်ကအပြင်ရောက်တာနဲ့စာရင် ကျောင်းပညာရေးမှာ စိတ်နှစ်ထားတာက ပိုပြီးကောင်းပါတယ်။

**မနန်းဥမ္မာဦး (Grade –12)**
**အ.ထ.က(၁)၊ ကျောက်မဲမြို့**

ကျွန်မကတော့ Grade–12 STEAM–1 ကျောင်းသူဖြစ်ပါတယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ကျွန်မတို့ မန္တလေးဘက်မှာ သွားရှောင်နေရပါတယ်။ ကိုယ်နေဖူးတဲ့ဒေသမဟုတ်တဲ့အတွက်ကြောင့် မပျော်ခဲ့ဘူး။ အခက်အခဲတွေရှိခဲ့ပါတယ်။ အခုကတော့ ကျွန်မတို့ ကျောက်မဲမြို့မှာ ကျောင်းပြန်ဖွင့်နေပြီဖြစ်တဲ့အတွက် ကိုယ့်အိမ်၊ ကိုယ့်ဒေသမှာ နေခွင့်ရတယ်၊ ကျောင်းလည်းပြန်တက်ခွင့်ရတဲ့အတွက် တကယ်ကို ဝမ်းသာမိပါတယ်။

**မောင်မင်းခန့်သော် (Grade –12)**
**အ.ထ.က(၁)၊ ကျောက်မဲမြို့**

တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း ပြင်ဦးလွင်ကဘုန်းကြီးကျောင်းမှာ ခေတ္တရှောင်နေခဲ့ရပါတယ်။ ပညာရေးအတွက် အခက်အခဲတွေ အများကြီးရှိခဲ့ပါတယ်။ လျှပ်စစ်မီးအဆင်မပြေတာ၊ ခရီးသွားလာရေး အဆင်မပြေတာတွေ ရှိခဲ့ပါတယ်။ အခုကတော့ ကိုယ့်မြို့၊ ကိုယ်ရွာ၊ ကိုယ့်ကျောင်းကို ပြန်လာရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ကိုယ့်နေရပ်က ကျောင်းမှာပဲ စာပြန်သင်ယူနိုင်ပါပြီ။ ဆရာ ဆရာမတွေက စေတနာထားပြီး သင်ကြားပေးကြတယ်၊ ဆရာ ဆရာမတွေက အကောင်းဆုံးနဲ့ အစွမ်းဆောင်နိုင်ဆုံး ကြိုးစားပေးကြပါတယ်။ ဒါကြောင့် အခုကျောင်းမှာ စာပြန်လည်သင်ကြားရမှုက အဆင်ပြေပါတယ်။ ကျောင်းကို မရောက်လာသေးတဲ့ သူငယ်ချင်းတွေကို အရှုံးမပေးပါနဲ့၊ ကြိုးစားကြပါလို့ ပြောချင်ပါတယ်။ ကျောင်းပြန်လာတက်ဖို့လည်း တိုက်တွန်းချင်ပါတယ်။

**ဦးကျော်စွာဝင်း(ကျောင်းသားမိဘ)**
**ကျောက်မဲမြို့**

အခုလို ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပြီး ကိုယ့်မြို့ရွာမှာပဲ ကလေးတွေ အေးအေးချမ်းချမ်း စာပြန်သင်ခွင့်ရတာ မိဘတစ်ဦးအနေနဲ့ အတိုင်းမသိဝမ်းသာမိပါတယ်။ ကျောင်းတက်ရင်းနဲ့ တိုက်ပွဲရှောင်ပြီး တခြားနေရာဒေသမှာ သွားနေရတဲ့အခါ ကိုယ့်ရပ်ရွာ မဟုတ်တဲ့အတွက် တကယ်တော့ အဆင်မပြေတာတွေ အများကြီးရှိခဲ့ပါတယ်ခင်ဗျာ။ ကျွန်တော့်သားသမီးတွေကို ကိုယ့်မြို့၊ ကိုယ့်အိမ်ကနေ အေးအေးချမ်းချမ်း အဆင်ပြေပြေနဲ့ ကျောင်းတက်စေချင်တာပါ။

**ဒေါ်နန်းမူရင်(ကျောင်းအုပ်ကြီး)**
**အမှတ်(၃)အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၊ ကျောက်မဲမြို့**

တိုက်ပွဲတွေ ဖြစ်ပွားတဲ့ကာလမှာ ရှမ်းအရှေ့ တာချီလိတ်ကို ခေတ္တသွားနေခဲ့ရပါတယ်။ အဲဒီကို သွားတဲ့အခါမှာလည်း လမ်းခရီးမှာ အခက်အခဲအမျိုးမျိုး ကြုံတွေ့ခဲ့ရတယ်။ အခု ကျောက်မဲမြို့ကို ပြန်လည်ရောက်ရှိလာတုန်းက ကျွန်မတို့ကျောင်း ပျက်စီးမှုကိုကြည့်ပြီး အလွန် စိတ်မကောင်း ဖြစ်ရပါတယ်။ ကလေးတွေ အရင်လိုစာသင်နိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပေးမှာဖြစ်ပါတယ်။ အခု ကျွန်မတို့ ဆရာ ဆရာမတွေ၊ ရပ်မိရပ်ဖတွေ ပူးပေါင်းပြီး ကျောင်းကြီးသာယာလှပရေး စွမ်းဆောင်ကြိုးစားနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ့်ကျောင်းကို ပြန်ရောက်လာတဲ့အတွက် အများကြီး ဝမ်းသာအားရမိပါတယ်။ ကျောက်မဲမြို့မှာ အရင်လို အေးအေးချမ်းချမ်း သာသာယာယာနဲ့ ကျောင်းမှာ ကျောင်းသား ကျောင်းသူတွေ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် ကျောင်းတက်နေရတာကို မြင်ရတဲ့အတွက် ဆရာမတစ်ဦးအနေနဲ့ အများကြီး စိတ်ချမ်းသာရပါတယ်။

ယခုအခါ ကျောက်မဲဒေသ၌ နယ်မြေအေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ကျောင်းတံခါးများ ဖွင့်လှစ်ကာ စာသင်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှု အသံများ၊ စာကျက် စာအံသံများဖြင့် လွှမ်းခြုံနေပြီဖြစ်သည့်အတွက် ဒေသခံ မိဘပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ဝမ်းသာကြည်နူးမှုက အတိုင်းမသိပင်။ ဆက်လက်၍လည်း မိမိတို့အရပ် မိမိတို့ဒေသတွင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းသို့ရောက်ရှိရေး၊ အချိန်မတိုင်မီ ကျောင်းမထွက်ကြရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အဆင့်မြင့်ပညာများ သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ အားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။



## ကော့ကရိတ်မြို့၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ မဲဆန္ဒရှင်စာရင်းများကျန်ရှိမှု မဖြစ်ပေါ်စေရေး ပြန်လည်စစ်ဆေးခြင်းဆောင်ရွက်

**ကော့ကရိတ် နိုဝင်ဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိပြည်သူများ မဲပေးနိုင်ရေး၊ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ပြန်လည်စိစစ်စစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ပန်းခြံလမ်းရှိ မိုးလုံလေလုံအားကစားရုံ၌ ယာယီဖွင့်လှစ်ထားသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းများ ပြန်လည်စိစစ်ဆောင်ရွက်ရာတွင် ကော့ကရိတ်မြို့ပေါ် အမှတ်(၁)၊ (၂)၊ (၃)၊ (၄) ရပ်ကွက်များ၏ မဲစာရင်းများ မှန်ကန်စေရေးအတွက် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သော စိစစ်ရေးအဖွဲ့တို့မှ မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ မဲဆန္ဒရှင်စာရင်းများ ကျန်ရှိမှုမဖြစ်ပေါ်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်း၍ စိစစ်ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# လယ်ဝေးမြို့နယ်၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နိုဝင်ဘာ ၆ ရက်က တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် အတွင်း ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် စံဝါအောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် ပေ(၁၂၀x၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် သပြေပင်ကျေးရွာတွင် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် ပေ(၁၅၀x၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုအားပေးကာ စာအုပ်စာစောင်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျွန်းကုန်းကျေးရွာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် ရွှေပြည်တော်ဝင် လမ်းဘေးရှိ ညိုပင်ကျေးရွာ ကွင်းအမှတ် (၁၈၁၁) တောင်သူ ဦးမင်းမင်း၏ လယ်မြေရှစ်ဧကတွင် ဖျော့သုခမျိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ရောင်းချနေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရှစ်လအတွင်း ပြည်တွင်း ပြည်ပဧည့်သည် ၂၇၅၄၆ ဦး ဝင်ရောက်လေ့လာ

**ညောင်ဦး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း ပြည်ပ လေ့လာရေးခရီးသွားများထံမှ ရှစ်လအတွင်း ပြတိုက်ဝင်ကြေးကောက်ခံရရှိမှု ငွေကျပ် ၂၉၃၁၉၀၀၀ ကောက်ခံရရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)တာဝန်ရှိသူများထံမှ သိရသည်။



ပုဂံရှေးဟောင်းသုတေသန ပြတိုက်သစ်ကြီးကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ၁၉၀၂ ခုနှစ်၊ ယခင်အခေါ် ကမ္ဘည်းကျောက်စာဌာန၊ ယခုအခေါ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကျောက်စာဝန် မစ္စတာတော်စိန်ခိုက ပုဂံတစ်ဝိုက်မှရရှိသော ရှေးဟောင်းကျောက်စာများနှင့် ရှေးဟောင်းပစ္စည်းများကိုပြသရန် အာနန္ဒာဘုရား မြောက်ဘက်တွင် ပြတိုက်တည်ဆောက်ပြီး ၁၉၀၄ ခုနှစ်တွင် ဖွင့်လှစ်ပြသခဲ့သည်။ နှစ်အတော်ကြာပြီး အာနန္ဒာဘုရားအနီးရှိ ပြတိုက်ငယ်မှာ သေးငယ်ခြင်း၊ ခင်းကျင်းပြသမှုပုံစံမှာလည်း ပစ္စည်းများ စုပုံပြသထားသကဲ့သို့ ဖြစ်နေခြင်း၊ နှစ်ပေါင်း ၆၀ ကျော်တွင် ရှေးဟောင်း ပစ္စည်းများ တဖြည်းဖြည်း စုဆောင်းရရှိမှုများလာခြင်းများကြောင့် ပုဂံမြို့ဟောင်းအတွင်း ကန်တော့ပလ္လင်ဘုရားတောင်ဘက် မြေကေ ၈ ဒသမ ၁၆ ကေကျယ်ဝန်းသော မြေနေရာသစ်တွင် ခေတ်မီပြတိုက်သစ်တစ်ခုကို တည်ဆောက်ခဲ့ပြီး ၁၉၇၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်း သုတေသနပြတိုက်သည် ကျောက်စာရှစ်မြှောင့်သဏ္ဍာန်ပြတိုက်နှင့် ကျောက်ဆစ်လက်ရာများနှင့် အခြားကြီးမားသော ပစ္စည်းများပြသရန် ကျောက်စာရုံ သုံးခုပါဝင်ကြောင်း၊ ၁၉၉၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရှစ်မြှောင့်သဏ္ဍာန်ပြတိုက်ငယ်တစ်ခုသာ ချန်လှပ်ပြီး ကျန်မြေနေရာတွင် အဆင့်မီ ခံ့ညားထည်ဝါသော ပြတိုက်ကြီးတစ်ခု စတင်တည်ဆောက်ခဲ့ရာ ၁၉၉၈ ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်ပြသနိုင်ခဲ့ကြောင်း ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်ချမ်းမြေ့က ရှင်းပြသည်။

အသစ်တည်ဆောက်ခဲ့သော ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ခံ့ညားထည်ဝါသည်သာမက အတွင်းရော အပြင်ပါ မြန်မာမှုလက်ရာ၊ အင်္ဂတေပန်းများ၊ သစ်သားပန်းပု၊ ကနုတ်ပန်းလက်ရာများ၊ ယွန်းရွှေဇဝါလက်ရာများ၊ ရွှေချည်ထိုးလက်ရာများနှင့် တန်ဆာဆင်ထားသောကြောင့် အဝေးက ကြည့်ကြည့်၊ အနီးက ကြည့်ကြည့် ရှုမငြီးနိုင်စရာ အသွင်ရှိနေကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ကလေးပြတိုက်ကိုလည်း ပြတိုက်ကြီး၏ မြောက်ဘက်ရှိ ရှစ်မြှောင့်ပုံသဏ္ဍာန် အဆောက်အအုံတွင် ခင်းကျင်းပြသထားကြောင်း သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ၂၀၂၅ ခုနှစ် မတ်လမှ အောက်တိုဘာလအထိ ပြည်တွင်းခရီးသွားဧည့်သည် ၂၇၃၄၉ ဦး၊ ပြည်ပခရီးသွားဧည့်သည် ၁၉၇ ဦး၊ ရှစ်လအတွင်း ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် ၂၇၅၄၆ ဦး ဝင်ရောက်လေ့လာကြကာ ပြတိုက်ဝင်ကြေး ငွေကျပ် ၂၉၃၁၉၀၀၀ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်အား တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပုံမှန်ဖွင့်လှစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူးထံမှ သိရသည်။

ဒီပါလင်း

# ကလောမြို့၌ အကြိမ်(၂၀)မြောက် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဆက်လက်ကျင်းပ

**ကလော နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်အတွင်း အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ကလောမြို့ အကြိမ်(၂၀)မြောက် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို မြန်မာသာမက ကမ္ဘာကပါ သိရှိပြီး ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်၍ မြို့နယ်၏ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာရန်၊ လူငယ်ထုတစ်ရပ်လုံးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖော်ထုတ်ရာတွင် စုပေါင်းညီညာစွာ ဆောင်ရွက်နိုင်မှု၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းစနစ်ကျနစွာ ဆောင်ရွက်နိုင်မှု အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



ကလောမြို့ အကြိမ်(၂၀)မြောက် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ယနေ့တွင် ပြိုင်ပွဲဝင်မီးရှော်တိုင် ၅ တိုင် ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိပြီး စည်ကားသိုက်မြိုက်စွာ ပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ပြိုင်ပွဲဝင်မီးရှော်တိုင်နှင့် မီးကြာစံအဖွဲ့များက ညနေ ၅ နာရီတွင် ကလောမြို့ ကိုးမြို့ရှင်နတ်နန်း၌ စုရပ်ပြုလုပ်ပြီး ကလော - တောင်ကြီးသွား ပြည်ထောင်စုလမ်းနှင့် နာရီစင်လမ်းမှ မောမြေဦးပန်းခြံအနီး၊ မီးရှော်တိုင် ကွင်းအတွင်းသို့ လှည့်လည်၍ မီးရှော်တိုင်ကွင်းအတွင်း ပြိုင်ပွဲဝင်မီးကြာစံအဖွဲ့များဖြစ်သည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များက ကလောမြို့မှ ဖိတ်ခေါ်သံသီချင်းဖြင့် ယှဉ်ပြိုင်ကပြ ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲဝင်မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၉**

နိုဝင်ဘာ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့၌ နေရာကျဲကျဲ၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်တွင် ဇမ္ဗူသီရိမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် စစ်ကိုင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ကိုးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် ပဲခူးမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၃၅၂ တန်၊ အခြားသစ် ၃ ဒသမ ၄၇၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၆၅၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် မင်းဘူးမြို့နယ်၊ ငဖဲမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခုနစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ရတနာပုံ တံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၂၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၈၂၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် မော်လမြိုင်မြို့ မုရောင်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၆၇၂၀၀၀၀)ကို အမြန်စီမံခန့်ခွဲရန် လိုအပ်သောကုန်ပစ္စည်းများ ဆိုင်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်အား ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မော်လမြိုင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၂၇၂၀၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၅၁၀၀၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၂၁၉၁၅၆)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**ညောင်ဦး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးယိုင်းခန့်ညား၊ ညောင်ဦးခရိုင်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးတင်မျိုးခိုင်တို့က အမှာစကားပြောကြားသည်။ ညောင်ဦးမြို့နယ်တွင် အဓိကသီးနှံများဖြစ်သော မိုးစပါး ၁၆၆၄ ဧက၊ မိုးပဲမျိုးစုံ ၃၂၉၈၁ ဧက၊ မိုးဆီထွက်သီးနှံ ၁၆၇၇၆၃ ဧက အကောင်အထည်ဖော် စိုက်ပျိုးခဲ့ပြီး ဆောင်းဆီထွက်သီးနှံအနေဖြင့် ဆောင်းမြေပဲ လျာထား ၁၈၈၆ ဧက၊ ဆောင်းနှမ်း ၂၅၂၃ ဧက၊ ဆောင်းနေကြာ ၉၅ ဧက စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ နေကြာမျိုးစေ့ထုတ်စံပြကွက်မှ တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲရေးအတွက် ဆင်းရှေ့ကြာ-၂ မျိုးများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်နှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံတို့က မျိုးပေးအပ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးရီက ယူရီးယားမြေဩဇာနှင့် သဘာဝမြေဩဇာများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကာ စံပြကွက်



တောင်သူများအား ပံ့ပိုးပစ္စည်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## ဘရာဇီးနိုင်ငံတောင်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ်၊ ခြောက်ဦး သေဆုံးပြီး ၇၅၀ ဒဏ်ရာရ

**ဆော်ပိုလို နိုဝင်ဘာ ၉**



ဘရာဇီးနိုင်ငံတောင်ပိုင်း ပါရာနာပြည်နယ်၌ နိုဝင်ဘာ ၇ ရက် ညပိုင်းက တိုက်ခတ်ခဲ့သည့် လေဆင်နှာမောင်းကြောင့် သေဆုံးသူ ခြောက်ဦးအထိရှိပြီး ၇၅၀ ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက နိုဝင်ဘာ ၈ ရက်တွင် ပြောသည်။

ရီယို ဘိုနီတိုဒို အီဂွာဆုမြို့တွင် လေဆင်နှာမောင်းကြောင့် နေအိမ်အချို့နှင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ရသည်။ ထိုနေရာရှိ ကယ်ဆယ်ရေးသမားများက စစ်ပွဲဇုန်တစ်ခုနှင့် ဆင်တူသည်ဟု ဖော်ပြခဲ့သည်။ လူပေါင်း ၁၄၀၀၀ ခန့် နေထိုင်သည့် မြို့၏ ၈၀ ရာခိုင်နှုန်းမှာ ပျက်စီးဆုံးရှုံးသွားကြောင်း ကယ်ဆယ်ရေး အဖွဲ့များက ပြောသည်။

ပါရာနာ အုပ်ချုပ်ရေးမှူး ကာလို့စ်မက်စ်ဆာ ရတ်တင်နီဟို ဂျူနီယာက ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများအတွက် အရေးပေါ် ရန်ပုံငွေထုတ်ပေးနိုင်ရေးအတွက် အများပြည်သူ ဘေးအန္တရာယ် အခြေအနေအဖြစ် ကြေညာကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘရာဇီးသမ္မတ လူဝီအန်နာစီယို လူလာဒါဆယ်ဗာက ဘေးဒုက္ခခံစားရသူများနှင့် တစ်သားတည်းဖြစ်ကြောင်း ဖော်ပြခဲ့ပြီး လေဆင်နှာမောင်း တိုက်ခတ်ရာဒေသ၌ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့များ၊ ပြန်လည်ထူထောင်ရေး ဝန်ထမ်းများနှင့် အရေးပေါ်ကျန်းမာရေး ဝန်ဆောင်မှုများ ချထားပေးကြောင်း လူမှုကွန်ရက်မီဒီယာတွင် ကြေညာခဲ့သည်။

အဆိုပါလေဆင်နှာမောင်းကို အက်ဖ်၂ အဖြစ် ကနဦးသတ်မှတ်ထားပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၈၀ နှင့် ၂၅၀ ကီလိုမီတာကြားရှိကြောင်း ပါရာနာပြည်နယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာ စောင့်ကြည့်ရေးစနစ်အရ သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံတောင်ပိုင်း၌ အစာအဆိပ်သင့်မှုကြောင့် ၁၆၂ ဦး ဆေးရုံတက်ရ

**ဟနွိုင်း နိုဝင်ဘာ ၉**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း အချက်အချာကျသည့် ဟိုချီမင်းမြို့၌ ကုမ္ပဏီတူ အသားညှပ်ပေါင်မုန့်ဆိုင်နှစ်ဆိုင်မှ ဝယ်စားမိသူများ အစာအဆိပ်သင့်မှုကြောင့် ၁၆၂ ဦး ဆေးရုံတင်ထားရသည်ဟု ဗီယက်နမ်သတင်းအေဂျင်စီတွင် နိုဝင်ဘာ ၈ ရက်က ဖော်ပြထားသည်။

**တစ်ဦး အခြေအနေစိုးရိမ်ရ**

ဆေးရုံတက်ရသူအများစုမှာ ပျို့အန်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ဝမ်းလျှောခြင်း ၊ အဖျားတက်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားခဲ့ရသည်။ ၎င်းတို့ထဲမှ လူနာတစ်ဦးမှာ အခြေအနေစိုးရိမ်ရပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည်။

**၁၀၅ ဦးမှာ ဆေးရုံမှ ဆင်းသွား**

ကိုယ်ဝန်ဆောင်တစ်ဦးမှာလည်း လမစေ့ဘဲ မွေးဖွားမည့် အခြေအနေနှင့်တွေ့ကြုံနေရသည်။ လူနာတစ်ဦးထံမှ သွေးနမူနာကို စစ်ဆေးကြည့်ရာ အစာအဆိပ်သင့်ခြင်းကိုဖြစ်ပေါ်စေသည့် ဗက်တီးရီးယားပိုးတစ်မျိုးကို တွေ့ရှိရသည်။ လူနာ ၁၀၅ ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ပြီး ၅၇ ဦးမှာ စောင့်ကြည့်နေရဆဲ အခြေအနေဖြစ်သည်။

ဒေသခံအာဏာပိုင်များက အဆိုပါ အသားညှပ်ပေါင်မုန့်ဆိုင် နှစ်ဆိုင်စလုံးကို ယာယီပိတ်ခိုင်းထားပြီး အစာအဆိပ်သင့်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေဆဲဖြစ်သည်။

ဆင်ဟွာ

## အာဖဂန်ရဲတပ်ဖွဲ့က သိမ်းဆည်းရမိသည့် တရားမဝင်မူးယစ်ဆေးဝါး တန် ၂၂၀ ကို မီးရှို့ဖျက်ဆီး

**ကဘူးလ် နိုဝင်ဘာ ၉**

အာဖဂန် အာဏာပိုင်များသည် မြို့တော် ကဘူးလ်အပါအဝင် အလယ်ပိုင်းဒေသတစ်ဝန်း စစ်ဆင်ရေးလုပ်ငန်းအတွင်း သိမ်းဆည်းရမိသည့် တရားမဝင်မူးယစ်ဆေးဝါး တန် ၂၂၀ ခန့်ကို နိုဝင်ဘာ ၉ ရက်တွင် ဖျက်ဆီးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံပိုင် ရေဒီယိုနှင့် ရုပ်မြင်သံကြား (အာတီအေ) က ထုတ်ပြန်ထားသည်။

မီးရှို့ဖျက်ဆီးသည့် ပစ္စည်းများထဲတွင် စိတ်ကြွဆေး(အိုက်စ်) အပါအဝင် ဆေးခြောက်၊ ဘိန်း၊ စိတ်ကြွဆေးပြားများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရေးပစ္စည်းများ ပါဝင်ကြောင်း မူးယစ်ဆေးဝါး နှိမ်နင်းရေး ဒုတိယဝန်ကြီး မိုဟာမက်ကာဆင်ခါလက်က ပြောကြားသည်။



ကဘူးလ်မြို့၌ တရားမဝင် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးစဉ်။

အဆိုပါစစ်ဆင်ရေးနှင့် ပတ်သက်၍ မူးယစ်ဆေးဝါး မှောင်ခိုကူးသူ၊ ဝယ်ယူသူနှင့် ရောင်းဝယ်သူ ၇၅၀ ခန့်ကို ဖမ်းဆီးခဲ့ကြောင်း ခါလက်က ပြောကြားသည်။

အာဖဂန်နစ္စတန် နိုင်ငံ၌ တာလီဘန်တို့ အာဏာရယူသည့် အချိန်မှစကာ မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ကုန်ကူးခြင်းနှင့် ရောင်းချခြင်းတို့ကို လုံးဝကင်းစင်သည်အထိ လျှော့ချခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမက်တင်းကာနီက ပြောကြားသည်။

ဆင်ဟွာ

## ဆီးရီးယားနိုင်ငံတစ်ဝန်း အိုင်အက်စ် နှိမ်နင်းရေးအတွက် စစ်ဆင်ရေးစတင်

**ဒမတ်စကတ် နိုဝင်ဘာ ၉**

ဆီးရီးယားနိုင်ငံ၌ အိုင်အက်စ်အဖွဲ့ဝင်များကို နှိမ်နင်းနိုင်ရေး ပြည်နယ်အချို့တွင် ကြီးမားသည့်စစ်ဆင်ရေးများ ပြုလုပ်ခဲ့ကြောင်း ပြည်ထဲရေးဌာနက နိုဝင်ဘာ ၈ ရက် ထုတ်ပြန်ချက်တွင်ကြေညာခဲ့သည်။

**ပုန်းအောင်းရာနေရာများကို ပစ်မှတ်ထားမည်**

တိကျသောထောက်လှမ်းရေး စောင့်ကြည့်မှုကို အခြေခံထားပြီး အဆိုပါစစ်ဆင်ရေးသည် ရက်ပေါင်းများစွာကြာမြင့်မည်ဟု ခန့်မှန်းထားသည်။ အိုင်အက်စ်များ ပုန်းအောင်းရာနေရာများကို ပစ်မှတ်ထားသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

**သံသယရှိသည့်နေရာများကို စီးနင်းတိုက်ခိုက်**

အထူးတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း အီဒလစ်ပြည်နယ်အပါအဝင် နယ်မြေအများအပြားတွင် စစ်ဆင်ရေးများ လုပ်ဆောင်နေပြီး အိုင်အက်စ်တပ်ဖွဲ့ဝင်များ၏ နေရာများဟု သံသယရှိသည့်နေရာများကို တပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်သည့် ဗီဒီယိုမှတ်တမ်းကို ပြသထားသည်။ သေဆုံးသူများနှင့် ဖမ်းဆီးရမိသူ အရေအတွက်ကို အာဏာပိုင်များက အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိချေ။

ဆင်ဟွာ

## မူးယစ်ဆေးဝါးတင်ဆောင်လာသည့် ငါးဖမ်းရေယာဉ် ဖမ်းဆီးခံရပြီးနောက် သီရိလင်္ကာက မော်လ်ဒိုက်သို့ ရဲတပ်ဖွဲ့နှင့် ရေတပ်အရာရှိများကို စေလွှတ်

**ကိုလံဘို နိုဝင်ဘာ ၉**

မူးယစ်ဆေးဝါး ကီလိုဂရမ် ၃၀၀ သယ်ဆောင်လာသည့် သီရိလင်္ကာငါးဖမ်းရေယာဉ်တစ်စင်းဖမ်းဆီးခံရပြီးနောက် တရားဥပဒေစိုးမိုးရေး အာဏာပိုင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် သီရိလင်္ကာက မော်လ်ဒိုက်သို့ အဖွဲ့နှစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း အကြီးတန်းဝန်ကြီးတစ်ဦးက နိုဝင်ဘာ ၉ ရက်တွင် ပြောကြားသည်။

**အကူအညီပေးရန်**

မော်လ်ဒိုက်နိုင်ငံ အာဏာပိုင်များကို စုံစမ်းစစ်ဆေးရာတွင် အကူအညီပေးရန် ရဲတပ်ဖွဲ့နှင့် ရေတပ်မှ အရာရှိများကို စေလွှတ်ခဲ့ကြောင်း ပြည်သူ့လုံခြုံရေးနှင့် ပါလီမန်ရေးရာဝန်ကြီး အန်နန်ဒါ ဝီဂျီပါလာက သတင်းထောက်များအား ပြောကြားသည်။

ထိန်းသိမ်းခံထားရသည့် သီရိလင်္ကာနိုင်ငံသား အမှုထမ်းအဖွဲ့ဝင်များကို လွှဲပြောင်းနိုင်ရေး အစိုးရက ဆွေးနွေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**တိုကျို နိုဝင်ဘာ ၉**



ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ နိုဝင်ဘာ ၉ ရက်တွင် အားပြင်းသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီက အီဝါတဲ၌ ပြင်းအား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ငလျင်တိုင်းတာမှုစနစ် ၀ မှ ၇ အထိရှိရာ ယင်းမှာ အဆင့် ၄ ရှိရာ အီဝါတဲနှင့် အနီးနားရှိ မီယာဂီပြည်နယ်တို့၏ ဒေသများ၌ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုအပြီး အချိန်တိုအတွင်း နောက်ထပ်ငလျင်များလည်း လှုပ်ခတ်နိုင်ပြီး ယင်းမှာ ပို၍အားပြင်းနိုင်ကြောင်း၊ အင်အားပြင်းသော ငလျင်များသည် နှစ်ရက် သို့မဟုတ် သုံးရက်အတွင်း မကြာခဏ လှုပ်ခတ်နိုင်သည့်အတွက် ပြည်သူများ သတိရှိစွာ နေထိုင်သင့်ကြောင်း သိရသည်။

ဆင်ဟွာ

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် နိုဝင်ဘာ ၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။**




၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း စခန်း ၃၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်းမိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ |
| ၃ | ခန္တီး | ၆.၈ |
| ၄ | လားရှိုး | ၆.၆ |
| ၅ | တောင်ကြီး | ၆.၅ |
| ၆ | မိုင်းဆတ် | ၆.၆ |
| ၇ | ကျိုင်းတုံ | ၇.၂ |
| ၈ | စစ်ကိုင်း | ၆.၇ |
| ၉ | ဟုမ္မလင်း | ၇.၁ |
| ၁၀ | ဟားခါး | ၇.၀ |
| ၁၁ | ညောင်ဦး | ၆.၉ |
| ၁၂ | မုံရွာ | ၆.၉ |
| ၁၃ | ပျဉ်းမနား | ၇.၁ |
| ၁၄ | ပြင်ဦးလွင် | ၆.၈ |
| ၁၅ | ကလေးဝ | ၆.၉ |
| ၁၆ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၇ | မှော်ဘီ | ၆.၅ |
| ၁၈ | မကွေး | ၆.၉ |
| ၁၉ | အောင်လံ | ၆.၉ |
| ၂၀ | စစ်တွေ | ၆.၉ |
| ၂၁ | ပြည် | ၆.၅ |
| ၂၂ | ပဲခူး | ၆.၉ |
| ၂၃ | တောင်ငူ | ၆.၈ |
| ၂၄ | ပုသိမ် | ၆.၉ |
| ၂၅ | မအူပင် | ၆.၆ |
| ၂၆ | ဟသ်ာတ | ၆.၉ |
| ၂၇ | မော်လမြိုင် | ၇.၂ |
| ၂၈ | ဘီးလင်း | ၆.၆ |
| ၂၉ | ဘားအံ | ၇.၀ |
| ၃၀ | ကော့ကရိတ် | ၆.၇ |
| ၃၁ | ထားဝယ် | ၇.၀ |
| ၃၂ | မြိတ် | ၆.၇ |
| ၃၃ | ကော့သောင်း | ၆.၉ |

**ပုံ(၂)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။**




# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော် နိုဝင်ဘာ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့် အောက်သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် အောက်တိုဘာလ ၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၅ ရက်နေ့နှင့် ၁၈ ရက်နေ့တို့သည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) နှင့် ကျန်ရက်များသည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ အောက်တိုဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၁၃ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁၈ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

**ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ**



# ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၉

**ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) ဥက္ကဋ္ဌ သီရိပျံချီ စိုင်းအိုက်ပေါင်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–



မိုင်ဆုန်ခ– မင်္ဂလာပါ၊

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) ရဲ့ ဥက္ကဋ္ဌ သီရိပျံချီ စိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) ဟာ (၂၃–၆–၂၀၂၃) ရက်နေ့မှာ ပါတီမှတ်ပုံတင်အမှတ် (၂၈/၂၀၂၃) နဲ့ ပါတီတည်ထောင်ခွင့်ရရှိခဲ့ပါတယ်။ ဒီပါတီသစ်ကို တည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ဦးစွာပထမ တင်ပြလိုပါတယ်။

(၂၀၁၀)ခုနှစ်မှာ ရှမ်းအမျိုးသားရေးအတွက် ဦးတည်ပြီး တည်ထောင်ခဲ့တဲ့ ကျားဖြူပါတီဟောင်းရဲ့အမည်က ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဖြစ်ပြီး (၂၀၁၀) ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် (၅၈)ဦး အနိုင်ရရှိခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီး (၅)ဦးနဲ့ ပြည်ထောင်စု ဒုဝန်ကြီး (၁)ဦး ခန့်အပ်ခြင်း ခံခဲ့ရပါတယ်။ ဒါပေမယ့် နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်တဲ့အထိ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ နိုင်ငံကို တိုးတက်ပြောင်းလဲနိုင်ဖို့ အတွက်ဆိုရင် ခိုင်မာတောင့်တင်းတဲ့ ပါတီတစ်ရပ်ကို မဖြစ်မနေ ထူထောင်နိုင်ရမှာ ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းသား (၁၃၅) မျိုးအပြင် နိုင်ငံသားတိုင်းကို ကိုယ်စားပြုတဲ့ ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) ကို တည်ထောင်ရခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား။

လက်ရှိ နိုင်ငံတော်ရဲ့ ပကတိအခြေအနေဟာ တိုင်းရင်းသား လက်နက်ကိုင်မျိုးစုံနဲ့ တော်လှန်ရေးအမည်ခံထားတဲ့ အဖွဲ့အစည်းတွေရဲ့ တော်လှန်ပုန်ကန်မှုတွေ ရှိနေတာကြောင့် ကျွန်တော်တို့ပါတီက **ပထမဦးစွာ ငြိမ်းချမ်းရေးကို** ရရှိအောင် ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား။**

နိုင်ငံတွင်း လက်နက်ကိုင်ပဋိပက္ခအပြင် သဘာဝဘေးနှင့် စီးပွားရေး ကပ်ဘေးဒုက္ခကို ခါးသီးစွာ ရင်ဆိုင်နေကြရတဲ့ကြားက ပြည်ပနိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှု (Sanction) ဒဏ်ရာဒဏ်ချက်တွေကိုပါ ကြုံတွေ့ခံစားနေရပါတယ်။ ဒီလိုအခက်အခဲမျိုးစုံကနေ ကျော်လွှားနိုင်ဖို့ဆိုရင် နယ်မြေတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ရမယ့်အပြင် နိုင်ငံတကာပိတ်ဆို့မှု(Sanction)တွေကို ရုပ်သိမ်းနိုင်အောင်လည်း ကျွန်တော်တို့ပါတီက ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့မှသာ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ လူမှုရေး၊ စီးပွားရေး စတဲ့ ဘက်စုံကဏ္ဍတွေ ပြန်လည်ဦးမော့လာနိုင်မှာဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား။**

လူငယ်တွေဟာ မိမိတို့ပညာရေးအတွက်၊ မိသားစုအတွက် ပြည်ပနိုင်ငံများသို့သွားပြီး အလုပ်လုပ်ကြဖို့ မျှော်လင့်ချက်တွေ ရှိနေကြပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပြန်လည်ဝင်ရောက်လာတဲ့အခါ နိုင်ငံတော်ရဲ့ လူမှုစီးပွားရေး ပြန်လည်ဦးမော့လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒီအခါမှာ လူငယ်တွေရဲ့ ဘဝတက်လမ်း၊ အလုပ်အကိုင်တွေနဲ့ ယုံကြည်မှုတွေကို အာမခံချက်ပေးနိုင်ပြီဖြစ်လို့ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးခြင်း၊ ယိုစီးခြင်းတွေရှိတော့မှာ မဟုတ်ပါဘူး။ လူငယ်တွေဟာ အလုပ်အကိုင်ရရှိရေးအတွက် ပြည်ပကို တရားမဝင်တဲ့ လမ်းကနေ ထွက်ခွာနေရတာကြောင့် ကုန်ကျစရိတ်တွေများပြားပြီး အန္တရာယ်ပေါင်းစုံနဲ့လည်း ကြုံတွေ့နေကြရပါတယ်။ ဒီလို နစ်နာမှုတွေ မဖြစ်စေဖို့အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး Agency တွေ ဖွဲ့စည်းပြီး တရားဝင် နိုင်ငံခြားပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်လည်း တရားဝင်အခွန်ငွေတွေရ၊ လုပ်ငန်းခွင်အနိုင်ကျင့်ခြင်းကလည်း လွတ်ကင်းပြီး လူငယ်တွေ စိုးရိမ်ကြောင့်ကြမှုကင်းစွာနဲ့ စီးပွားရှာဖွေနိုင်မှာဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား။**

စားဝတ်နေရေးအခက်အခဲနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကို စနစ်တကျ လျှော့ချနိုင်မှသာ ပြည်သူတွေရဲ့ စားဝတ်နေရေးအဆင်ပြေမှာ ဖြစ်ပါတယ်။ လစာနည်းတဲ့ စက်မှုဇုန်နဲ့ ကုမ္ပဏီကဝန်ထမ်းတွေ၊ အစိုးရဝန်ထမ်းတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းလာတဲ့ လူငယ်တွေ၊ မိသားစုဝင်တွေရဲ့ နေရေးထိုင်ရေးအတွက် တန်ဖိုးနည်းအဆောင်လိုမျိုး၊ အငှားအိမ်ရာစနစ်တွေ ဖော်ဆောင်နိုင်ဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ထူထောင်နိုင်ဖို့ အထူးအတိုးနှုန်းချေးငွေတွေအပြင် ကုန်ကြမ်းပစ္စည်းတွေကိုလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ပံ့ပိုးပေးဖို့ ကျွန်တော်တို့ပါတီက ရည်မှန်းထားပါတယ်။

အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အစရှိတာတွေကို ဈေးနှုန်းအချိုသာဆုံးနဲ့ အလွယ်တကူရရှိရန် ဆောင်ရွက်ပေးသွားမှသာ ပြည်သူတွေ စားသောက်ရေး အဆင်ပြေမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား။**

တိုင်းပြည်စီးပွားရေးနဲ့ ပြည်သူတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေဖို့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေကိုပါ ဖော်ဆောင်နိုင်ဖို့အတွက် နယ်စပ်ကုန်သွယ်ရေးကလည်း အလွန်အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ငြိမ်းချမ်းတည်ငြိမ်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ထိုင်းနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း အသစ်တစ်ခုကို ကြိုးစားဖော်ဆောင်သွားနိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒီလိုကုန်သွယ်ရေးလမ်းကြောင်းကို ဖော်ဆောင်နိုင်ခဲ့မယ်ဆိုရင် ရှမ်းပြည်နယ်အတွက်သာမကပဲ တစ်နိုင်ငံလုံးအတွက်ပါ ကုန်ဈေးနှုန်းတွေ တည်ငြိမ်လာမှာဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းတွေလည်း မြောက်မြားစွာပေါ်ထွန်းလာမှာဖြစ်လို့ တိုင်းပြည်စီးပွားရေးကို များစွာအထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား။**

စိုက်ပျိုးရေးကဏ္ဍမှာ မိမိဒေသအတွက် လိုအပ်နေတဲ့ စက်ယန္တရား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရင် အချိန်နဲ့ဝင်ငွေတိုးလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူအင်အားသုံးပြီး လုပ်ကိုင်တဲ့ လက်မှုလယ်ယာကနေ ခေတ်မီနည်းစနစ်နဲ့ လူအင်အားသိပ်မလိုအပ်တဲ့ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲနိုင်ရပါမယ်။ ဒါဟာလည်း ကျွန်တော်တို့ပါတီက ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။

**ပြည်ထောင်စုသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား။**



အချုပ်အားဖြင့်ဆိုရင် ကျားဖြူပါတီဟာ နိုင်ငံသားများရဲ့ ရပိုင်ခွင့် ဆောင်ရွက်ပိုင်ခွင့်နဲ့အညီ ကိုယ်စားပြုပိုင်ခွင့် ရွေးချယ်ပိုင်ခွင့်ကို လေးစားတန်ဖိုးထားပြီး ပြည်သူတို့ရဲ့ ရင်ထဲကပါတီ၊ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ ကြိုးပမ်းဆောင်ရွက်မယ့် ပါတီဖြစ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး ဗဟိုနဲ့ အောက်ခြေအဆင့်ဆင့်ကြား ကောင်းမွန်သော စီမံအုပ်ချုပ်မှုယန္တရားကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ...

သမိုင်းတစ်ခေတ် အသစ်ရေးထိုးကြမယ့် ဒီလိုအချိန်အခါမျိုးမှာ ကျားဖြူပါတီနဲ့အတူလက်တွဲပြီး တည်တံ့တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို အတူတကွဝိုင်းဝန်းတည်ဆောက်ကြပါစို့ ...

အနာဂတ်ကောင်းဖို့ ပြည်ထောင်စုကြီးကို ပြန်လည်ဖန်တီးကြပါစို့......

**Create Our Great Future again** လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပါတီ၏သီချင်းစာသား**

**နိုင်ငံတည်ထောင်ချိန်**

**သံစဉ် လှိုင်ဇော်ဝင်း**

**တေးရေး–လရောင်+လှိုင်ဇော်ဝင်း**

**တေးဆို – လရောင်+ညီညီ+ မ**

Intro ------ 14 Bar

V1/ နိုင်ငံထူထောင်ချိန်မှာ ..........စုပေါင်းကြစို့လေ **(ကျား)....ဆို**
ပြည်သူတွေနိုးကြလို့ .......................ရင်ချင်းဆက်ကာရယ်
အသီးပွင့် ပန်းတွေ .........................ယိမ်းကတော့မယ်
ကျားဖြူပါတီ ဦးဆောင်ကာရယ် .......... ရှေ့သို့ချီမယ်
မျှော်မှန်းချက်တွေ အောင်မြင်ဖို့ ........... ကြိုးစားနေပါတယ်
တို့တတွေမျှော်လင့် ..................... တွေးလို့ ရင်ခုန်မယ်

V2/ ရင်မှာ ယုံကြည်စွာရယ် ................... တည်ဆောက်ကြစို့ကွယ် **(မ)... ဆို**
ပျော်ရွှင်စွာ နွေးထွေးလို့ .................. ညှိနှိုင်းကြကာရယ်
အသီးအပွင့် ပန်းတွေ ..................... စိမ်းလန်းတော့မယ်
ကျားဖြူပါတီ ဝင်ရောက်ကာရယ် ......... တိုင်းကျိုးကာကွယ်
မြန်မြန်ဆန်ဆန် အောင်မြင်ဖို့ ................. ဝိုင်းလို့ကူညီကွယ်
တို့တတွေအောင်ရက်............ တွေးလို့ပျော်နေမယ် . (ဟေး)

**Solo ................အဝင်**

V3/ ရောင်နီအရုဏ်မှာ ...................ဒို့အားသစ်တို့ဝေ**(ကျား+မ)**
စိုပြည်စွာ ဖူးပွင့်လို့ .......................အိုလှပပါတယ်
အသီးပွင့် ပန်းတွေ ........................ ရိတ်သိမ်းကြရမယ်
ကျားဖြူပါတီ ဦးဆောင်တာကို............... သွားစို့အတူကွယ်
ရည်မှန်းချက်တွေ အောင်မြင်ဖို့............... ပေါင်းစုညီကာရယ်
တို့တတွေ လက်တွဲ.......................... စည်းလုံးစွာနေမယ်
တို့တတွေ မျှော်လင့်......................... တွေးလို့ရင်ခုန်တယ်
တို့တတွေ အောင်ရက် ............ စောင့်လို့မျှော်နေမယ် (ဟေး)

သံပြိုင်သီဆို ကျား + မ ဟေး......Fade..... out 3 ခေါက်

# ဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၉

**ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနု က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**




**လေးစားရပါသော မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ရှင် –**

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို လာမယ့် ဒီဇင်ဘာလ (၂၈) ရက်နေ့မှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကို ချစ်မြတ်နိုးကြသူတွေဟာ ပါတီစုံစနစ်မှာ နိုင်ငံရေးပါတီတွေ တည်ထောင်ပြီး ရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ကြတာကို အားပေးကြပါတယ်။ ဒ့ါအပြင် ဆန္ဒမဲပေးကြတဲ့ နိုင်ငံသားတွေကလည်း မိမိတို့နှစ်သက်လိုလားတဲ့ နိုင်ငံရေးပါတီတွေကို မိမိတို့ အသည်းကြားက မဲဆန္ဒများကိုပေးတာ အစဉ်အလာတစ်ခုပါပဲ။

မဲတစ်ပြားမပေးလည်း ဘာမှမဖြစ်ဘူးလို့ ဆိုကြပေမယ့် များပြားလာတဲ့အခါမှာ ဒီမိုကရေစီစနစ်ဟာ တင်းပြည့် ကျပ်ပြည့် မဖြစ်နိုင်တော့ပါ။ မဲဆန္ဒပေးနိုင်သူ အားလုံးက မဲပေးနိုင်မှသာ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီဖြစ်နိုင်ပါတယ်။

ဒီမိုကရက်တစ်ဆိုသည်မှာ ဒီမိုကရေစီယုံကြည်သူများလို့ အဓိပ္ပာယ်ရပါတယ်။ "ဒီမိုကရက်တစ်ပါတီ"ဟု ဆိုခြင်းဖြင့် ဒီမိုကရေစီကို ယုံကြည်သူများစုပေါင်းဖွဲ့စည်းထားတဲ့ ဒီမိုကရေစီစွမ်းအားကြီးလို့ အဓိပ္ပာယ်ရပါတယ်။

ဒီမိုကရက်တစ်ပါတီဟာ မြန်မာနိုင်ငံသူ/သားများကို ဒီမိုကရေစီအခွင့်အရေး အပြည့်အဝရရှိခံစားနိုင်ရန်နဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ဦးဆောင်ပေးလျက်ရှိပါတယ်။

ဒီမိုကရေစီဟုဆိုရာ၌ နိုင်ငံမှာ အချုပ်အခြာအာဏာသည် ပြည်သူလူထု၏ တည်ဆဲ အာဏာဟူသမျှ လူထုထံမှ ဆင်းသက်ရတဲ့စနစ်ကို ဆိုလိုပါတယ်။

ဒီမိုကရက်တစ်ပါတီက ယုံကြည်သော ဒီမိုကရေစီစနစ်တွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှု၊ စီးပွားရေး လွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာတွေးခေါ်ကြံဆနိုင်မှု၊ လွတ်လပ်စွာဟောပြောစည်းရုံးနိုင်မှု၊ လွတ်လပ်စွာ လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်မှု စတဲ့လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝခံစားနိုင်ကြရန် ဖြစ်ပါတယ်။

အမျိုးသားအချင်းချင်း ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျပါတယ်။ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို အမှန်တကယ် ကျေးဇူးပြုနိုင်တဲ့အတွက် အဲ့ဒီမှုကို "ဒီမိုကရက်တစ်ပါတီ"က အလေးအနက်ခံယူထားပြီး ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအဖွဲ့ချုပ် နာယကကြီး ဦးနု ပြောကြားခဲ့တဲ့ (လက်စားမချေ၊ သင်ပုန်းချေ) ချေ–နှစ်ချေမှုကို ကျင့်သုံးခြင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ယနေ့ကာလဟာ မြန်မာနိုင်ငံသားများအချင်းချင်း သဘောထားကွဲလွဲမှုများ ပြင်းထန်နေချိန်လည်း ဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့် တစ်မျိုးသားလုံး မဖြစ်မနေဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်ကြီးများလည်း ရှိပါတယ်။ အဲ့ဒီလုပ်ငန်းများ အောင်မြင်ထမြောက်စေဖို့ အေးချမ်းသာယာတဲ့အခြေအနေနဲ့ အမျိုးသားချင်းပြန်လည်ရင်ကြားစေ့နိုင်ရေး အခြေအနေ ဖန်တီးပေးဖို့ အထူးလိုအပ်နေချိန် ဖြစ်ပါတယ်။ အဲ့ဒီ လိုအပ်ချက်အရ အတိတ်ရဲ့ အနိဋ္ဌာရုံတွေကို ပြန်မလှည့်ဘဲ အနာဂတ်ခေတ်သစ်ဆီသို့ ရှေးရှုခြင်းဖြင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကိုသာ ဦးတည်ကြရပါလိမ့်မယ်။

တစ်မျိုးသားလုံး အေးအတူပူအမျှ အတူတကွ လက်တွဲဆောင်ရွက်နိုင်ကြရေးအတွက် "မိမိတို့သည် ... တစ်နိုင်ငံတည်းသားများ" ဖြစ်ကြသည်ဟူသော မိသားစုစိတ်ဓာတ်များ ထားရှိ၍ "ငါတို့အားလုံးသည် မြန်မာနိုင်ငံသားများ ဖြစ်ကြသည်" ဟူသော ခံယူချက်ရှိရန် လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။

"ဒီမိုကရက်တစ်ပါတီသည်" ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိသည့် ပညာရေးစနစ်ကိုဦးတည်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပါမယ်။ အနည်းဆုံး အခြေခံအလယ်တန်းပညာကို အခမဲ့မသင်မနေရ ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ပါမယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ပညာရေးစနစ်ကို ခေတ်နဲ့အမီ ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် နိုင်ငံခြားပညာသင်များ ပိုမိုစေလွှတ်ခြင်း၊ နိုင်ငံတကာမှကျွမ်းကျင်သည့် ပညာရှင်များကိုလည်း ဖိတ်ခေါ်လေ့ကျင့်စေခြင်းတို့ကို ပြုလုပ်ပါမယ်။

နိုင်ငံတကာပညာရေးစနစ်နဲ့ ရင်ပေါင်တန်းနိုင်အောင် တက္ကသိုလ်၊ ကောလိပ်နဲ့ စိုက်ပျိုးရေး၊ စက်မှုလက်မှုကျောင်းများကို ပြုပြင်မွမ်းမံခြင်းအားဖြင့် တိုးချဲ့ဆောင်ရွက်သွားပါမယ်။ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးပြီး နိုင်ငံတကာလူသားအရင်းအမြစ် ဈေးကွက်မှာ မြန်မာလုပ်သားများ ဝင်ရောက်ထိုးဖောက်နိုင်စေရန်အတွက် နည်းပညာနဲ့အတတ်ပညာများကို သင်ကြားပေးခြင်းအားဖြင့်လည်း အစဉ်သဖြင့် အားပေးသွားပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ကျန်းမာရေးစနစ်ကို ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာအဆင့်ရောက်အောင် တည်ဆောက်ပါမယ်။ လူတိုင်းအခမဲ့ဆေးဝါးကုသခွင့်ကို ရှေးရှုဦးတည်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်သွားပါမယ်။ ပြည်သူ့ကျန်းမာရေးကို အနောက်တိုင်းဆေးပညာနည်း၊ တိုင်းရင်းဆေးပညာနည်းတွေနဲ့ ပေါင်းစပ်အကောင်အထည်ဖော်သွားပါမယ်။

အခြေခံပညာမူလတန်းနဲ့ အလယ်တန်းကျောင်း သင်ခန်းစာများမှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ထည့်သွင်းပို့ချသွားပြီး ရုပ်သံ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်နဲ့ လူမှုကွန်ရက် အင်တာနက် နည်းပညာများကို အသုံးပြုပြီး လူထုကျန်းမာရေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားပါမယ်။

ပြည်ထောင်စုမြန်မာနိုင်ငံသားများအားလုံးသည် လူမှုအသိုင်းအဝိုင်းမှာ ကာကွယ်စောင့်ရှောက်ခွင့်ကို တစ်ပြေးညီ ရရှိခံစားသင့်တယ်လို့ "ဒီမိုကရက်တစ်ပါတီ" က လက်ခံယုံကြည်ထားပါတယ်။ အထူးသဖြင့် ကလေးသူငယ်များနဲ့ သက်ကြီးရွယ်အိုများဟာ နိုင်ငံတော်ရဲ့ အထူးကာကွယ်စောင့်ရှောက်ခွင့်ကို ရရှိခံစားထိုက်သူများဖြစ်ပါတယ်။ မသန်စွမ်းသူများ၊ ဒုက္ခိတများ၊ မမာမကျန်းဖြစ်နေသူများ၊ ရောဂါသည်လူနာများကို အနည်းဆုံး အခမဲ့ကုသကာကွယ်စောင့်ရှောက်မှုခံစားခွင့်များ ရရှိစေဖို့ စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခိုကိုးရာမဲ့၊ အိုးအိမ်မဲ့၊ ဒုက္ခသည်များကိုလည်း ယာယီအစားအသောက်နဲ့ နေထိုင်တည်းခိုရာအိမ်ရာများကို ဈေးနည်းသက်သာစွာဖြင့် နေထိုင်နိုင်ရေးအတွက် အမျိုးသားလူမှုစောင့်ရှောက်ရေးစီမံကိန်းများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ စစ်မှုထမ်းဟောင်းများနဲ့ ပင်စင်စားသက်ကြီးရွယ်အိုများအတွက် လူမှုအာမခံချက်များ ရရှိစေဖို့နဲ့ သက်သောင့်သက်သာဖြင့် အနားယူနေထိုင်နိုင်စေဖို့ စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကိုယ်တိုင်လယ်ယာလုပ်သူများအပါအဝင် အခြားမြေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများအတွက် လယ်ယာမြေလွှဲပြောင်းခွင့်၊ အမွေပေးခွင့်၊ ရောင်းချပေါင်နှံခွင့်စတဲ့ အခွင့်အရေးများကိုလည်း ရရှိစေရမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေနဲ့ ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့အခွင့်အရေးကာကွယ်ပိုင်ခွင့်၊ မိမိတို့လူနေမှုဘဝတိုးတက်မြင့်မားရေး အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအစည်းအရုံးကို လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့်ရှိစေဖို့လည်း ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ထောင်ဖွဲ့စည်းသည်နှင့်တစ်ပြိုင်တည်း နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ထူထောင်ဖွဲ့စည်းတည်ရှိရေးသည် မရှိမဖြစ်လိုအပ်ချက် တစ်ရပ်ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှုသမိုင်းအစဉ်အလာအရ တပ်မတော်ကဏ္ဍသည် ထူးခြားစွာပါဝင်ခဲ့ပါတယ်။ အဲ့ဒီထူးခြားတဲ့သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ အထူးလိုအပ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်၊ တပ်မတော်ရဲ့ ဖခင်လည်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ထူထောင်ခဲ့သည့် တပ်မတော်ရဲ့ သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပါတယ်။ ပြည်သူတို့ရဲ့ သားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသောတပ်မတော်သည် နိုင်ငံတော်နဲ့ပြည်သူတို့အတွက် အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်သော ပြည်သူ့တပ်မတော်၊ မျိုးချစ်တပ်မတော်အဖြစ် အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်းထားသော တပ်မတော်ဖြစ်စေရမယ်။ နိုင်ငံတော်ရဲ့ လိုအပ်ချက်၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေနဲ့အညီ ကျစ်လျစ်ခိုင်မာ၍ ခေတ်မီတိုးတက်သောစစ်စွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည် မြင့်မားသော အစဉ်ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်စေရမယ်။

ယခင် မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးနုသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို ချမှတ်ကျင့်သုံးရာ၌ ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ခြင်း၊ ဘက်မလိုက်နိုင်ငံများ အင်အားစုဖြစ်လာစေရန် ရှေ့တန်းခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်နိုင်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြားတွင် လူသိများ၍ ချစ်ခင်လေးစားခြင်းခံရတဲ့သူဖြစ်ပါတယ်။

နိုင်ငံတိုင်းသည် မိမိနိုင်ငံအကျိုးရှိရေး ရည်မှန်းချက်များနဲ့ နိုင်ငံတကာနဲ့ မိတ်ဝတ်မပျက် ဆက်ဆံပေါင်းသင်းရစမြဲ ဖြစ်ပါတယ်။ ထိုအခြေခံဖြင့် နိုင်ငံခြားရေးမူဝါဒများ ချမှတ်လိုက်နာဆောင်ရွက်ကြစမြဲဖြစ်ပါတယ်။ မိမိတို့ နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ဂုဏ်သိက္ခာ မထိခိုက်စေဘဲ အောက်ပါအခြေခံမှုများနဲ့အညီ နိုင်ငံခြားရေးမူဝါဒကို လိုက်နာကျင့်သုံးပါမယ်။

(က) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ အခြေခံမူဝါဒများ နိုင်ငံတကာတွင် လိုက်နာကျင့်သုံးအပ်တဲ့ နိုင်ငံအချင်းချင်း ဆက်ဆံရေးကျင့်ဝတ်များနဲ့အညီ ကမ္ဘာ့နိုင်ငံအသီးသီးတို့နဲ့ မိတ်ကောင်းဆွေကောင်းပီသစွာ ဆက်ဆံပေါင်းသင်းပါမယ်။

(ခ) နိုင်ငံတစ်နိုင်ငံရဲ့နယ်မြေတည်တံ့မှုနဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အပြန်အလှန် လေးစားရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လက်နက်ကိုင်ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်ရေး၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ နိုင်ငံအချင်းချင်းတန်းတူရည်တူ ပေါင်းသင်းဆက်ဆံရေး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကျိုးတူဖြစ်ထွန်းစွာရရှိစေရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဟူသော နိုင်ငံတကာဆက်ဆံရေးမူကြီး (၅)ချက်နဲ့အညီ လိုက်နာကျင့်သုံးရပါမယ်။

(ဂ) နိုင်ငံတကာရေးတွင် မိမိနိုင်ငံတော် အကျိုးကျေးဇူးကို မဆန့်ကျင်စေဘဲ မှန်ကန်သည့်ဘက်မှ နိုးကြားတက်ကြွ လွတ်လပ်စွာရပ်တည်ရမှာ ဖြစ်ပါတယ်။

(ဃ) နိုင်ငံတော်အတွက် အကျိုးကျေးဇူးရှိစေမှုကို ဦးထိပ်ထားလျက် မိမိတို့၏ မူဝါဒ ရည်ရွယ်ချက်များနဲ့တူညီတဲ့ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရက်တစ်ပါတီ၏ မျှော်မှန်းချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် ကြိုးပမ်းကြရာ၌ မိမိတို့၏ပါတီသည်

– ပြည်ထောင်စုသားတိုင်း ဒီမိုကရေစီလူ့အခြေခံလွတ်လပ်မှုအခွင့်အရေးများကို စည်းကမ်းတကျခံစားခွင့် အညီအမျှ ရရှိစေလိုသည်။

– ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာသောအခြေအနေကို ဖန်တီးလိုသည်။

– အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကို လိုလားသည်။

ထိုအခြေခံ(၃)ရပ်ပေါ်မူတည်၍ တည်တံ့ခိုင်မြဲသောနိုင်ငံတော်ကို တွေ့မြင်လိုပါတယ်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးနဲ့အတူ ညီညာဖြဖြလက်တွဲဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ယင်းသို့သော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ဒီမိုကရက်တစ်ပါတီကို တည်ထောင်ဖွဲ့စည်းပါတယ်။

ပြည်သူတို့မှ .....

ပြည်သူတို့၏ ..................... ပြည်သူတို့အတွက် .......................

ဒီမိုကရက်တစ်ပါတီ

ကျေးဇူးတင်ပါတယ်ရှင့်။

**ပါတီ၏သီချင်းစာသား**

**တူညီဆန္ဒ**

တေးရေး – ထွင့်မှုခေါင်တင်

တေးဆို – စန္ဒာ

၁။ ရောင်နီလင်းဖြာ နေခြည်သာယာလှတာ နံနက်ခင်းရဲ့ မင်္ဂလာပါ၊
ထွန်းလင်းတောက်ပ တို့ပြည်ရွာ ညီညွတ်ခြင်းနဲ့ လက်တွဲညီကာ
မဲရုံကို သွားကြမယ်ကွာ။

၂။ ရွှေလီဝင်းဝင်းဝါ ချိန်ခါသမယမှာ အရုဏ်ဦးရဲ့ တေးသံဖြာ၊ နိုးကြား
ထက်မြက် တို့ပြည်မြန်မာ၊ တူယှဉ်နွဲလို့ ပေါင်းစုညီကာ မဲရုံကို
သွားကြမယ်ကွာ။

၃။ မဲပေးကြမှာ၊ မဲပေးကြမှာ၊ ပြည်သူ့အကျိုးပြု ပြည်သူ့ပါတီ၊ ဒီမို
ကရက်တစ်ပါတီအား မဲပေးကြမယ်ကွာ။

၄။ အသည်းကြားက မဲတစ်ပြားဟာ၊ တန်ဖိုးကြီးစွာ မဲပေးကြတော့မှာ၊
ပြည်သူအတွက် အားထားရာ ဒီမိုကရက်တစ်ပါတီပါ၊ တူညီဆန္ဒမဲပေး
ကြမှာ ဝမ်းမြောက်ကြည်သာ ပြည်သူ့အတွက် နှိုးဆော်လိုက်ပြီကွာ။

## ဟားခါးမြို့၌ စွမ်းဆောင်ရည်မြှင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဟားခါး နိုဝင်ဘာ ၉**

အခြေခံပညာဦးစီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အရာထမ်း၊ အရာထမ်းငယ်များ၏ စွမ်းဆောင်ရည်မြှင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှနှင့် သယံဇာတရေးရာဝန်ကြီး ဦးကောလ်လျန်ထန်းတို့က အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများအနေဖြင့် စီမံခန့်ခွဲမှုစနစ်တကျရှိစေရေးအတွက် ကျောင်းခေါ်ကြိမ် (က) စာရင်း၊ ကျောင်းဝင်မှတ်ပုံတင် (ခ) စာရင်းနှင့် ကျောင်းပြောင်းလက်မှတ်များကို စနစ်တကျစစ်ဆေးရန် လိုအပ်ပါကြောင်း၊ လူရည်ချွန်ပြိုင်ပွဲကို အခြေခံပညာကျောင်းများသာမက ကိုယ်ပိုင်ကျောင်းများကိုလည်း ပါဝင်စေရမည်ဖြစ်ကြောင်း၊ ယခုအခါ ဟားခါးမြို့ပေါ်တွင် ယာယီပြောင်းရွှေ့ကျောင်းသား ကျောင်းသူ ၁၅၀၀ ကျော်ရှိသည့်အတွက် ယင်းကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးကို ဝိုင်းဝန်းဂရုစိုက်စေလိုကြောင်း၊ ကိုယ်ပိုင်ကျောင်းအားလုံးသည် အခြေခံပညာဦးစီးဌာန၏ အုပ်ချုပ်မှုအောက်တွင်ရှိပါသဖြင့် အခြေခံပညာဦးစီးဌာနက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာပြည့်ဝ၊ နှလုံးလှသော ဆရာ ဆရာမများဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘော့သပြေကန်ကျေးရွာရှိ နို့စားနွားမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၉**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယမန်နေ့တွင် သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီး တင်ကိုကို၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘော့သပြေကန်ကျေးရွာ နို့စားနွား မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စီမံကိန်း အသင်းအဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ နွားစာမြက်နေဗီယာ ပိုမိုစိုက်ပျိုးရေး၊ နွားစာအတွက် ကောက်ရိုးချဉ်ဖတ်စမ်းသပ်ထုတ်လုပ်ရေးနှင့် နည်းပညာ အကူအညီပေးရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်သည် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကျိုက်အင်းကျေးရွာတွင် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် (Royal Dynamic) ကုမ္ပဏီမှ ဆောင်ရွက်သော ကျေးရွာ အဝင်လမ်း (၀/၂)မိုင် ကွန်ကရစ်လမ်းခင်းခြင်း၊ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မိုင်းဆတ်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေများနှင့် ချစ်ခင်ရင်းနှီးကျွမ်းဝင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့်စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားစေရန်ရည်ရွယ်၍ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၈ ရက်က အခြေခံပညာ အထက်တန်းကျောင်း-ခွဲ (အလက-၁)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဆက်လက်၍ အထက-ခွဲ (အလက-၁)ကျောင်းသားကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့တေးသီချင်းဖြင့် သရုပ်ဖော်ကပြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကား ပြောကြားကာ မြို့ပေါ်ရှိ ကျောင်းခုနစ်ကျောင်း၏ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် တာဝန်ရှိသူတို့က ကျပန်းစကားပြော၊ စာစီစာကုံးနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **ခရိုင်(ပြန်/ဆက်)**

## သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်

**ရေတံကောင်း နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ရေတံကောင်းမြို့ ရေကျော်ကျေးရွာအုပ်စု အုတ်ဖိုကွင်းတွင် တောင်သူ ဒေါ်ဝါတင်၏ လယ်မြေကွင်းအမှတ်(၁၉၅၉) ဦးပိုင်အမှတ်(၅၃) လယ်မြေ သုံးဧကတွင် မြေဆီလွှာတိုးတက်ဖွံ့ဖြိုးစေရန်အတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့အပ်ပွဲနှင့် စုပေါင်းကြဲပက်စိုက်ပျိုးခြင်းကို ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနက လက်ထောက်ဦးစီးမှူး ဦးဖြိုးဝေနိုင်က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို တောင်သူများသို့ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ဟိန်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူ ၁၀ ဦးအား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ ပေးအပ်သည်။

**ရေတံကောင်း (ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



## ဘီးလင်းမြို့နယ်၌ (၂၉)ကြိမ်မြောက် စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူ

**ဘီးလင်း နိုဝင်ဘာ ၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ (၂၉)ကြိမ်မြောက် စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၈ ရက်က စတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၅၆ ကျောင်းမှ ရဟန်းသံဃာ ၇၃၈ ပါးနှင့် သီလရှင်ဆရာလေးများအား ကန်သာယာရပ်ကွက်၊ တပ်ဦးဝေဠုဝန်ဘုန်းတော်ကြီးကျောင်းမှ စတင်ကာ ဘီးလင်းမြို့ပတ်လမ်းမတစ်လျှောက် ပြည်သူ့ဆေးရုံရှေ့အထိ မဏ္ဍပ်များ၌ စာရေးတံမဲနှိုက်လှူခြင်း စေတနာရှင်အလှူရှင်များက ဆွမ်းဆန်၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာ လောင်းလှူသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဝိုင်းမော်မြို့၌ အသိပညာပေးဟောပြော

**ဝိုင်းမော် နိုဝင်ဘာ ၉**

ကျောင်းသား ကျောင်းသူများ ကာယဉာဏ ဘက်စုံဖွံ့ဖြိုး၍ အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၇ ရက်က ဝိုင်းမော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ တေဇခန်းမ၌ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ လှူဒါန်းပေးအပ်ပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ထက်က "စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ" ခေါင်းစဉ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်သက်မွန်က ကျောင်းသား ကျောင်းသူများနှင့် စာကြည့်တိုက် ခေါင်းစဉ်၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်သူက အားကစားလူငယ်ကဏ္ဍ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **ခရိုင်(ပြန်/ဆက်)**



## မိုးနဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**မိုးနဲ နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စကားဝိုင်း၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်က နောင်မြိုင်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း(နောင်ခမ်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**




စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် စကားပြောခန်းမှာလည်း How to talk about the time in English (အချိန်နဲ့ပတ်သက်ပြီး အင်္ဂလိပ်လိုဘယ်လိုပြောမလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရ ပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

2. Common Noun (အများဆိုင်နာမ်)

တစ်စုံတစ်ယောက်နှင့်သာမက အများနှင့်သက်ဆိုင်မှုကို ဖော်ပြသော နာမ်များကို အများဆိုင်နာမ် (Common Noun) ဟုခေါ်သည်။ အများဆိုင်နာမ် (Common Noun) များတွင် လူများနှင့် သက်ဆိုင်သော အများဆိုင်နာမ်၊ တိရစ္ဆာန်များနှင့် သက်ဆိုင်သော အများဆိုင်နာမ်၊ နေရာများနှင့်သက်ဆိုင်သော အများဆိုင်နာမ်၊ အရာဝတ္ထုနှင့် သက်ဆိုင်သော အများဆိုင်နာမ်ဟူ၍ အမျိုးမျိုးရှိသည်။

**Common Noun for People**
**(လူများနှင့်သက်ဆိုင်သော အများဆိုင်နာမ်)**

- artist (အနုပညာရှင် ပန်းချီဆရာ)
- clown (လူရွှင်တော် လူပြက်)
- acrobat (ကျွမ်းဘားပြသူ)
- astronaut (အာကာသယာဉ်မှူး)
- actor (သရုပ်ဆောင်)
- lawyer (ရှေ့နေ)
- aunt (အဒေါ်)
- baby (ကလေး)
- baker (မုန့်ဖုတ်သူ)
- cook (ထမင်းချက်)
- dentist (သွားဆရာဝန်)
- doctor (ဆရာဝန်)
- giant (ဧရာမ၊ ဘီလူးကြီး)
- teacher (ဆရာ၊ ဆရာမ)
- soldier (စစ်သား)
- singer (အဆိုတော်)
- police officer (ရဲအရာရှိ)
- nurse (သူနာပြု)
- man (လူကြီး)
- judge (တရားသူကြီး) စသည်ဖြင့် ...

**Common Noun for Animals**
**(တိရစ္ဆာန်များနှင့် သက်ဆိုင်သော အများဆိုင်နာမ်)**

- eagle (လင်းယုန်ငှက် (သို့) စွန်)
- zebra (မြင်းကျား)
- deer (သမင်)
- bird (ငှက်)
- crocodile (မိကျောင်း)
- bear (ဝက်ဝံ)
- cat (ကြောင်)
- cow (နွား)
- dog (ခွေး)
- dolphin (လင်းပိုင်)
- duck (ဘဲ)
- fish (ငါး)
- goat (ဆိတ်)
- goose (ငန်း)
- hen (ကြက်)
- horse (မြင်း)
- mouse (ကြွက်)
- parrot (ကြက်တူရွေး)
- shark (ငါးမန်း)
- whale (ဝေလငါး) စသည်ဖြင့် ....

**Common Noun for Places**
**(နေရာများနှင့် သက်ဆိုင်သော အများဆိုင်နာမ်)**

- beach (ကမ်းခြေ)
- park (ပန်းခြံ)
- library (စာကြည့်တိုက်)
- shop (ဆိုင်)
- airport (လေဆိပ်)
- cave (ဂူ)
- church (ခရစ်ယာန်ဘုရားရှိခိုးကျောင်း)
- farm (လယ်တော)
- hill (တောင်ကုန်းလေး)
- hospital (ဆေးရုံ)
- hotel (ဟိုတယ်)
- house (အိမ်)
- island (ကျွန်း)
- mall (ဈေးတန်း)
- market (ဈေး)
- mountain (တောင်)
- playground (ကစားကွင်း)
- restaurant (စားသောက်ဆိုင်)
- school (ကျောင်း)
- seashore (ကမ်းစပ်၊ ပင်လယ်ကမ်းခြေ)
- stadium (ပွဲကြည့်စင်ပါ အားကစားကွင်း)
- supermarket (အဆင့်မြင့်ဈေးဝယ်ကုန်တိုက်)
- temple (ဘုရားကျောင်း)
- zoo (တိရစ္ဆာန်ရုံ) စသည်ဖြင့် ....

## VOCABULARY ENRICHMENT PROGRAMME

1. dress up = ဝတ်ကောင်းစားလှ ဝတ်ဆင်သည်။

   Thuzar dressed up for the presentation.

   သူဇာသည် မိတ်ဆက်တင်ပြသည့် အခမ်းအနားအတွက် ဝတ်ကောင်းစားလှများဝတ်ထားသည်။

2. fill up = အပြည့်ဖြည့်သည်။

   Bruce filled his wine glass up. Or Bruce filled up his wine glass.

   ဘရုစ်သည် သူ့ဝိုင်ခွက်ကို အပြည့်ဖြည့်ထားသည်။

3. find out = ရှာဖွေသည်။

   Let me know where you find out the answer.

   အဖြေကို ဘယ်နေရာမှာရှာမလဲဆိုတာ သိပါရစေ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Conversation**

**How to talk about the time**

**Asking the time (အချိန်မေးခြင်း)**

- Can you tell me the time, please? Or Could you tell me the time, please?
  ဘယ်အချိန်ရှိပြီလဲဆိုတာ ကျေးဇူးပြုပြီး ပြောပြပေးနိုင်မလား။
  Sure. It's ten o'clock.
  ရတာပေ့ါ။ ၁၀ နာရီထိုးပြီ။
- My watch seems to have stopped. Can you tell me the time, please?
  ကျွန်တော့နာရီရပ်သွားလို့ ကျေးဇူးပြုပြီး အချိန်လေးပြောနိုင်မလား။
  Certainly. It's two o'clock.
  သိပ်ရတာပေ့ါ။ နှစ်နာရီထိုးပြီ။
- What time is it? Or What's the time?
  ဘယ်အချိန်ရှိပြီလဲ။
  It's 11:30.
  ၁၁ နာရီခွဲပြီ။
- Have you got the time, mate? My watch is on the blink (=not working properly). Or Someone pinched my watch from my room.
  ဘယ်အချိန်ရှိပြီလဲ၊ သူငယ်ချင်း။ ငါ့နာရီပျက်သွားလို့။ သို့မဟုတ် တစ်ယောက်ယောက်က ငါ့နာရီကို အလစ်သုတ်သွားလို့ပါ။
  It's just after six.
  ခြောက်နာရီ ကျော်ပြီ။

**Language Focus (ဘာသာစကားရှုထောင့်)**

three o'clock in the morning
နံနက် ၃ နာရီ
three o'clock in the afternoon
မွန်းလွဲ ၃ နာရီ
a.m. (one a.m.) to times between midnight and midday
(နံနက်ပိုင်း)
p.m. (one p.m.) to times between midday and midnight
(ညနေပိုင်း)
Twenty–four hour clock
(၂၄ နာရီကိုဖော်ပြသော နာရီ)

- The next train leaves at nineteen forty.
  နောက်ရထားက ၁၉ နာရီ ၄၀ မိနစ်မှာ ထွက်မယ်။
- The last bus is at twenty three hour.
  နောက်ဆုံးဘတ်စ်ကားက ၂၃ နာရီပါ။

**Expressing the time (အချိန်များဖော်ပြခြင်း)**

| | |
|---|---|
| ten o'clock Or ten o'clock exactly Or ten (၁၀ နာရီ) | 10:00 |
| five past ten Or ten five (၁၀ နာရီထိုးပြီး ငါးမိနစ်) | 10:05 |
| ten past ten Or ten ten (၁၀ နာရီထိုးပြီး ၁၀ မိနစ်) | 10:10 |
| quarter past ten Or ten fifteen (၁၀ နာရီထိုးပြီး ၁၅ မိနစ်) | 10:15 |
| twenty past ten Or ten twenty (၁၀ နာရီထိုးပြီး မိနစ် ၂၀) | 10:20 |
| twenty–five past ten Or ten twenty–five (၁၀ နာရီထိုးပြီး ၂၅ မိနစ်) | 10:25 |
| half past ten Or ten thirty (၁၀ နာရီခွဲ) | 10:30 |
| twenty five to eleven Or ten thirty–five (၁၁ နာရီထိုးဖို့ ၂၅ မိနစ်) | 10:35 |
| twenty to eleven Or ten forty (၁၁ နာရီထိုးဖို့ မိနစ် ၂၀) | 10:40 |
| a quarter to eleven Or ten forty–five (၁၁ နာရီထိုးဖို့ ၁၅ မိနစ်) | 10:45 |
| ten to eleven Or ten fifty (၁၁ နာရီထိုးဖို့ ၁၀ မိနစ်) | 10:50 |
| five to eleven Or ten fifty–five (၁၁ နာရီထိုးဖို့ ၅ မိနစ်) | 10:55 |
| eleven o'clock Or eleven o'clock exactly Or eleven (၁၁ နာရီ) | 11:00 |

**In the Conversation**

**Late for work**

**Bob: What time is it,** Dan? I've just woken up and my alarm clock's stopped.

**Dan: It's ten past nine.**

**Bob:** What! Why didn't you wake me? I'm late for work and I've got an important meeting. **It starts at nine thirty.** What am I going to do?

**Dan:** Calm down! I was only joking! **It's only ten past eight.**

**Bob:** That's bad enough! I meant to leave the house **at eight o'clock exactly.** I'll have to go!

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# WTA Finals အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ရှိုင်ဘာကီနာ ဗိုလ်စွဲ


■ အယ်လီနာ ရှိုင်ဘာကီနာ

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ နိုဝင်ဘာ ၈ ရက်က WTA Finals အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ် အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့အဆင့် (၁) ဘယ်လာရုစ် တင်းနစ်မယ် အာရီနာ ဆာဘယ်လင်ကာနှင့် ကမ္ဘာ့အဆင့် (၆) ရှိ ကာဇက်စတန် တင်းနစ်မယ် အယ်လီနာ ရှိုင်ဘာကီနာတို့ ပွဲစဉ်တွင် ရှိုင်ဘာကီနာက ၆-၃၊ ၇-၆ (၇-၀) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဒဗလျူတီအေ တစ်ဦးချင်း ဆုဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်သည့် အာရှတင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆာဘယ်လင်ကာနှင့် ရှိုင်ဘာကီနာတို့သည် အောက်တိုဘာလက ယှဉ်ပြိုင်ကစားခဲ့သည့် ဝူဟာန်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အနီးစပ်ဆုံး ထိပ်တိုက်တွေ့ဆုံထားရာ ဆာဘယ်လင်ကာက ၆-၃၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ သို့သော်လည်း ဆာဘယ်လင်ကာသည် ယခုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ထပ်မံအနိုင်ယူကျော်ဖြတ်နိုင်ခြင်း မရှိဘဲ ရှုံးပွဲကြုံတွေ့ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ရသည်။

အသက် ၂၆ နှစ်အရွယ် ဝင်ဘယ်ဒန်ချန်ပီယံဟောင်း ရှိုင်ဘာကီနာသည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဆွီယာတက်ခ်၊ အနီဆီမိုဗာ၊ အဲလက်ဇန်ဒရိုဗာ၊ ပဲဂူလာတို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခြင်း ဖြစ်သည်။ ဗိုလ်လုပွဲတွင်လည်း ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆာဘယ်လင်ကာကို ထပ်မံ အနိုင်ယူကျော်ဖြတ်ကာ ဒဗလျူတီအေ ဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဂရင်းဆလမ်း ချန်ပီယံ လေးကြိမ်ရ ဆာဘယ်လင်ကာသည် ယခုအကြိမ် ဗိုလ်လုပွဲ ရှုံးနိမ့်မှုမှာ ၂၀၂၂ ခုနှစ်က ဒဗလျူတီအေ ဗိုလ်လုပွဲတွင် ကာရိုလိုင်း ဂါစီယာကို ရှုံးနိမ့်ပြီးနောက် ဒုတိယ အကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။ ■

# ယူနီယံဘာလင်ကို သရေကျခဲ့သောကြောင့် စံချိန်တင် နိုင်ပွဲဆက်မှုမှတ်တမ်း ဘိုင်ယန်မြူးနစ် ရပ်တန့်


တိုက်စစ်ကစားသမား ဟာရီကိန်း ယူနီယံဘာလင်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

ဘိုင်ယန်မြူးနစ် အသင်းသည် နိုဝင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ဒက်စ်လီဂါ ပွဲစဉ် ၁၀ တွင် ယူနီယံဘာလင် အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သောကြောင့် စံချိန်တင် နိုင်ပွဲဆက်မှုမှတ်တမ်း ရပ်တန့်ခဲ့ရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အဆိုပါပွဲစဉ်တွင် ယူနီယံဘာလင် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ရန် နီးစပ်ခဲ့သော်လည်း အသင်းအဓိက တိုက်စစ်ကစားသမား ဟာရီကိန်း၏ ပွဲကစားချိန် ပြည့်ခါနီးတွင် ရရှိခဲ့သောချေပဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ခြင်း ဖြစ်သည်။ ယူနီယံဘာလင်အသင်းသည် ပွဲချိန်အများစုတွင် ပြိုင်ဘက် ဘိုင်ယန်မြူးနစ် အသင်း၏ ဖိအားပေးမှုကို ခံခဲ့ရသော်လည်း တန်ပြန်တိုက်စစ်ဆင်မှုများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးများကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၆ ပွဲတွင် ၁၆ ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ တိုက်စစ်ကစားသမား ဟာရီကိန်းသည် ယူနီယံဘာလင် အသင်းဘက်သို့ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါတွင် သွင်းဂိုး ၁၃ ဂိုးအထိ ရှိလာပြီ ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း ဒုတိယနေရာမှ လိုက်ပ်ဇစ် အသင်းထက် ခြောက်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

## နော့ဝှစ်ချ်က မန်းနင်းကို နည်းပြအဖြစ်မှ ထုတ်ပယ်

ချန်ပီယံရှစ်ကလပ် နော့ဝှစ်ချ်အသင်းသည် အိမ်ကွင်း ၇ ပွဲဆက် ရှုံးနိမ့်ပြီးနောက် လီအမ်မန်းနင်းကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ ဖြစ်သည်။ အသက် ၄၀ အရွယ် အဆိုပါနည်းပြကို ဇွန်လတွင် အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် နိုဝင်ဘာ ၈ ရက်က လက်စတာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော ပွဲစဉ်တွင် နော့ဝှစ်ချ်အသင်းကို နောက်ဆုံးကိုင်တွယ်ခဲ့ခြင်း ဖြစ်သည်။ နော့ဝှစ်ချ်အသင်းသည် ချန်ပီယံရှစ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း လိဂ်အိမ်ကွင်း ၇ ပွဲဆက် ရှုံးနိမ့်မှုမှာ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ မန်းနင်းသည် နော့ဝှစ်ချ်အသင်းကို ၁၇ ပွဲတာဝန်ယူကိုင်တွယ်ထားရာ သုံးပွဲနိုင် သုံးပွဲသရေကျထားပြီး ၁၁ ပွဲအထိ ရှုံးနိမ့်ထားသည်။




■ ကွင်းလယ်ကစားသမား အိန်ဂျယ်ဂိုမက်စ် မာဆေးလ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူစဉ်။

# မာဆေးလ်က ဘရက်စ်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ဦးဆောင်

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၁၂) တွင် မာဆေးလ်အသင်းက ဘရက်စ် အသင်းကို တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ် အနိုင်ရရှိပြီး အမှတ်ပေး ဇယားကို ရမှတ် ၂၅ မှတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်ကို နိုဝင်ဘာ ၈ ရက် ည ၁၀ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။

ပွဲချိန် ၂၅ မိနစ်တွင် မန်ယူအသင်း ကွင်းလယ်ကစားသမားဟောင်း အိန်ဂျယ်ဂိုမက်စ်က မာဆေးလ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ သည်။ ပြိုင်ဘက်ဘရက်စ်အသင်းသည် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိ ဘဲ တုံ့ပြန်တိုက်စစ်ဆင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။

ပွဲချိန် ၃၃ မိနစ်တွင် မာဆေးလ်အသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့ရာ မန်ယူတိုက်စစ်ကစားသမားဟောင်း မေဆင် ဂရင်းဝုဒ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။ ဂရင်းဝုဒ်သည် ယခုပွဲစဉ် တွင် သွင်းဂိုးတစ်ဂိုးရယူနိုင်ခဲ့သည့်အတွက် ပြင်သစ်လီဂူးဝမ်း ဂိုးအများ ဆုံးသွင်းယူသူစာရင်းတွင် ရှစ်ဂိုးဖြင့် ဒုတိယနေရာသို့ တက်လှမ်းလာ ခဲ့သည်။ မာဆေးလ်အသင်းအတွက် အနိုင်သေချာစေမည့် တတိယအနိုင် ဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် အူဘာမီယန်က သွင်းယူပေးခဲ့သည်။ မာဆေးလ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ခါးသီး ပြိုင်ဘက် ပီအက်စ်ဂျီအသင်းထက် တစ်ပွဲပိုကစားပြီး တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်တွင် လန်းစ်က မိုနာကိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရပြီး လီဟာဗရီနှင့် နန့်တက်စ်အသင်းပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။



# ဒဏ်ရာကြောင့် ATP Finals ပြိုင်ပွဲမှ နိုဗက်ခ် ဒီဂျိုကိုဗစ် နုတ်ထွက်

နာမည်ကြီး တင်းနစ်အကျော်အမော် နိုဗက်ခ်ဒီဂျိုကိုဗစ်သည် ဟဲလန်း နစ်ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အီတလီတင်းနစ်ကစား သမား လော်ရန်ဇို မူဆက်တီကို ၄-၆၊ ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ တင်းနစ် ကစားသမားဘဝ ၁၀၁ ကြိမ်မြောက် ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

သို့သော်လည်း ဒီဂျိုကိုဗစ်သည် ဒဏ်ရာကြောင့် မကြာမီယှဉ်ပြိုင် ကစားမည့် ATP Finals ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားတော့မည် မဟုတ်ကြောင်း သိရသည်။ ဒီဂျိုကိုဗစ်သည် ပြိုင်ပွဲတစ်လျှောက်တွင် တာဘီလို၊ ဘောဂက်စ်၊ ဟန်းဖ်မန်းတို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်လှမ်းလာသူ ဖြစ် သည်။ ၎င်းသည် ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်မူဆက်တီကို ထပ်မံ အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

■ မိုးဇက်-စုစည်းရေးသားသည်

## ကြံခင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ကြံခင်း နိုဝင်ဘာ ၉**

ကြံခင်းမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း(ချင်းမြောင်)၌ နိုဝင်ဘာ ၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စည်းကမ်းဥပဒေ၊ လူငယ်နှင့်မွေးမြူရေး၊ လူငယ်နှင့်လူကြီးမိဘဆက်ဆံရေး၊ လူငယ်နှင့် မြန်မာအမျိုးသမီးဂုဏ်ရည် ခေါင်းစဉ်တို့ဖြင့် မျှဝေဆွေးနွေးခဲ့ကြသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



## သာကေတမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာပေမှ ဗဟုသုတများစွာ ရရှိစေရန်၊ စာအုပ်စာပေများကို လက်ဝယ်အရောက် အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ဗဟုသုတရရှိစေမည့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ငှားရမ်းပေးခြင်း၊ စာဖတ်ခြင်းအကျိုး အသိပညာပေးဟောပြောခြင်း၊ အမျိုးသားအောင်ပွဲနေ့ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာကေတမြို့နယ်ရုံးမှ ဝန်ထမ်းများက နိုဝင်ဘာ ၇ ရက်က သာကေတမြို့နယ် အမှတ်(၁၅) အခြေခံပညာ မူလတန်းကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သာကေတမြို့နယ်ရုံး ဒုတိယဦးစီးမှူး ဒေါ်မို့မို့သူက စာဖတ်ခြင်း အကျိုးကျေးဇူးအကြောင်း အသိပညာပေး ဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအား စာအုပ်၊ စာပေများ ဖတ်ရှုစေခြင်း၊ ဖတ်ရှုပြီးသည်များကို ပြန်လည်မေးမြန်းခြင်း၊ အမျိုးသားအောင်ပွဲနေ့ အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းကို သာကေတမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများသို့ အလှည့်ကျ သွားရောက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သဲထက်ဇင် (ပြန်/ဆက်)**



## ကွန်ဟိန်းမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြော

**ကွန်ဟိန်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို စာအုပ်ပြပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို နိုဝင်ဘာ ၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်-(၃) ဒေါ်သဲမာက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ယနေ့ ကျောင်းသားလူငယ်များ အမျိုးသား အောင်ပွဲနေ့အပါအဝင် နေ့ထူးနေ့မြတ်များအား အစဉ်သတိရ မြတ်နိုးတတ်စေရန်၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတ တိုးပွားရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ကျိုက်ထို နိုဝင်ဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်က ကျိုက်ထိုမြို့ ကော့ထင်းကျေးရွာရှိ မူလွန်ကော့ထင်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာဟောပြောပွဲကို ဆောင်ရွက်ခဲ့သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမိုးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် လူငယ်နှင့် ကိုယ်ကျင့်တရား၊ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

**ကျိုက်ထို(ပြန်/ဆက်)**



## ဟိုပုံးမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင်ရောက်ရှိမည့် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်၊ ဓာတ်ပုံပြပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ထို့နောက် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် (အကြို) စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာခဲ့ကြပြီး ပလတ်စတစ်အန္တရာယ်နှင့် ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



## အုတ်တွင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၇ ရက်က အခြေခံပညာအထက်တန်း(ခွဲ) ဟင်းငုတ်ပင်ကျောင်း၌ ကျင်းပသည်။

ထို့နောက် လူငယ်စကားဝိုင်းအား ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စေ့စပ်ညှိနှိုင်းသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး Grade–11 မှ ကျောင်းသားကျောင်းသူများက “လူငယ်နှင့်စာဖတ်ခြင်း”၊ “လူငယ်နှင့်စာရိတ္တ”၊ “လူငယ်နှင့်နည်းပညာ”၊ Grade–10 မှ ကျောင်းသား ကျောင်းသူများက “လူငယ်နှင့် ကျန်းမာရေး”၊ “လူငယ်နှင့်စာကြည့်တိုက်” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



## သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၉**

မော်လမြိုင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က အမှတ် (၉)အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှင်းအဆောင်၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင် ပြုစုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ မီးခိုးမြူငွေ့ ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့ အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းကြောင့် ရာသီဥတုကောင်းမွန်လာစေခြင်း အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ မွန်ပြည်နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

**စည်သူ(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ပင်လောင်းမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ပုံပြင်ပြောပြိုင်ပွဲပြုလုပ်

**ပင်လောင်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း



မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးစိုးရန်နောင်က အမှာစကားပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက မိမိတို့နှစ်သက်ရာပုံပြင်များဖြင့် ပြောကြားယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများနှင့် အကဲဖြတ်ဒိုင်လူကြီး ဆရာ ဆရာမများက ဆုများချီးမြှင့် ပေးအပ်ကြကြောင်း၊ အဆိုပါ ပုံပြင်ပြောပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**ခရမ်း နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို နိုဝင်ဘာ ၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်း အသိပညာပေးဟောပြောပြီး ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမက (၂) ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပထမ၊



ဒုတိယနှင့် တတိယဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရမ်း(ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**တောင်တွင်းကြီး နိုဝင်ဘာ ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့က စာရေးဆရာ ဗန်းမော်သိန်းဖေ ရေးသားသည့် “မျှဝေလိုသောအတွေးများ(၅)” စာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်သည်။

ဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အနာဂတ်လူငယ်များ ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားပြီး စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက “ဘဝရဲ့အကောင်းဆုံးအချိန်များ”၊ “အပြစ်တင်မယ့်အစား နှစ်သိမ့်မှုပေးပါ”၊ “ဘဝမှာအရေးကြီးဆုံးအရာတွေကို အရင်လုပ်ပါ”၊ ‘‘စေတနာအကျိုးပေး”၊ “ဘာပဲလုပ်လုပ် မေတ္တာထားပါ” စသည့် အတွေးအမြင်စာစုများအား ဖတ်ကြားပြီး မိမိတို့ နားလည်သဘောပေါက်သည်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ **နောင်နောင် (ဗိသနိုးမြေ)**

## ရွှေကျင်မြို့၌ စာပေချစ်မြတ်နိုးသူအဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းကျင်းပ

**ရွှေကျင် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူ(Woman Club)အဖွဲ့များ ပူးပေါင်း၍ စာရေးဆရာ ထွန်းလှိုင်(မြိုင်) ရေးသားသည့် ကြုံကြိုက်လို့ပါ ဆရာရယ်နှင့် မွေးမြူရေးဝတ္ထုတိုများ စာအုပ်ဖြင့် ယမန်နေ့က ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းက မြို့နယ်အတွင်းရှိ စာပေဝါသနာရှင်များအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိလာပြီး စာပေများကို လေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွား၍ စာပေချစ်သူများ တစ်ဦးနှင့်တစ်ဦး ပြန်လည်မျှဝေခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုရရှိလာစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာသော (Woman Club) အဖွဲ့ဝင် ဒေါ်ခင်ထွေး၊ ဒေါ်သဇင်နှင့် ဒေါ်ခင်မာဝင်းတို့က ကြုံကြိုက်လို့ပါ ဆရာရယ်နှင့် မွေးမြူရေး ဝတ္ထုတိုများ စာအုပ်ပါအကြောင်းအရာများကို မိမိတို့၏ ခေါင်းစဉ်အလိုက် ဖတ်ကြားဆွေးနွေးပြီး တက်ရောက်လာသော အဖွဲ့ဝင်များက ခေါင်းစဉ်တစ်ခုချင်းအလိုက် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အထူးကုဆရာဝန်ကြီးများ ကျုံမငေးမြို့ရှိ ပြည်သူများအား ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများသည် နိုဝင်ဘာ ၇ ရက်က ဝါးခယ်မမြို့နယ် ကျုံမငေးမြို့သို့ ကွင်းဆင်းကာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဇော်မင်းသိုက် ဦးဆောင်သည့် မျက်စိအထူးကု၊ သွားဘက်ဆိုင်ရာအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ အရိုးအထူးကု၊ ခွဲစိတ်အထူးကု၊ ခတ်မှန်၊ အထွေထွေရောဂါနှင့် ကလေးအထူးကု၊ သားဖွားမီးယပ်၊ အရေပြားအထူးကုဆရာဝန်ကြီးများက ကျုံမငေးမြို့နှင့် အနီးအနားရှိ ငှက်ကျကျေးရွာ၊ ပိုက်တန်းကျေးရွာ၊ ဘိုးဘေးအညာစုကျေးရွာ၊ ဘဲချောင်းကျေးရွာ၊ လက်ခုတ်ကျေးရွာ၊ မြို့ချောင်းကြီးကျေးရွာ အပါအဝင် ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**

## ကိုကိုးကျွန်းမြို့နယ်၌ သက်ကြီးဘိုးဘွားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**ကိုကိုးကျွန်း နိုဝင်ဘာ ၉**

ကိုကိုးကျွန်းမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် ပါဝင်သော တစ်မြို့နယ်ဖြစ်သော်လည်း ရန်ကုန်မြို့မကြီးနှင့် ရေမိုင်(၂၄၀)ခန့် ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးမှာ နေ့စဉ်ပြေးဆွဲနေသော သင်္ဘောခရီးစဉ်မရှိခြင်း၊ မြို့နယ်အတွင်း ပြင်ပမှ ဖွင့်လှစ်ထားသော ဆေးခန်းများ မရှိခြင်း၊ မြို့နယ်အတွင်း ပြည်သူလူထုများမှာ ကျန်းမာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ပေးထားသော မြို့နယ်ဆေးရုံကိုသာ အားကိုးကုသနေရခြင်းကြောင့် မြို့နယ်အတွင်း နေထိုင်ကြသော သက်ကြီးဘိုးဘွားများအား အခမဲ့ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို လစဉ်လဆန်းရက်တိုင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် သက်ကြီးဘိုးဘွားများ နေထိုင်ရာသို့ အိမ်တိုင်ရာရောက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ဆေးရုံမော်တော်ယာဉ်ဖြင့် တစ်အိမ်တက်ဆင်း လိုက်လံခေါ်ဆောင်ကာ ကိုကိုးကျွန်းမြို့နယ်ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းဇော် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ရောဂါလက္ခဏာများအလိုက် လိုအပ်သည့် အားဆေးနှင့် အခြားလိုအပ်သည့် ဆေးဝါးများကိုပါ အခမဲ့ပံ့ပိုးပေးပြီး အိမ်အရောက် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို လစဉ်ပုံမှန် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဇော် (ပြန်/ဆက်)**

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ

**ချောင်းဦး နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းမှ နေ့လယ်ပိုင်းအထိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲ ကလေးငယ်များအား တိုးချဲ့ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေး၍ မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ချောင်းဦးမြို့တွင် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်ဆရာဝန် ဒေါက်တာကျော်နိုင်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သားဖွားဆရာမများ ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စုရပ်ပြုလုပ်ကာ ထိုးနှံပေးရာ ကျေးရွာအုပ်စုများမှ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ လာရောက်ထိုးနှံကြသည်။ ဘီစီဂျီ၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဝက်သက်ဂျိုက်သိုး၊ ငါးမျိုးစပ် ကာကွယ်ဆေးများကို နိုဝင်ဘာ ၇ ရက်က ကလေးငယ် ၃၀၁ ဦး ထိုးနှံပေးခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦးကို ကျန်းမာရေးစစ်ဆေး၍ ကိုယ်ဝန်ဆောင် အားဆေးပေးပြီး မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ငွေပေးအပ်

**မောက်မယ် နိုဝင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပထမအကြိမ် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ ငွေပေးအပ်ခြင်းကို နိုဝင်ဘာ ၇ ရက်က စ၍ မောက်မယ်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ကိုယ်ဝန်ဆောင်များနှင့် အသက် နှစ်နှစ်အောက် ကလေးများအတွက် ထောက်ပံ့ငွေ ပေးအပ်လျက်ရှိသည်။

ထိုသို့ထောက်ပံ့ငွေများ ထုတ်ပေးရာတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာနှင့် ဝန်ထမ်းများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ အောက်တိုဘာလအထိ) မောက်မယ်မြို့နယ်အတွင်းရှိ ရပ်ကွက်ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၄၂၁၆၅၀၀၀ တို့ကို ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ ကိုယ်တိုင်လာရောက် မထုတ်ယူနိုင်သူများအား ကိုယ်စားလှယ်အမည်စာရင်းဖြင့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





မြဝတီမြို့နယ် သောင်ရင်းမြစ်ကမ်းတစ်လျှောက်ရှိ တရားမဝင်အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။





■ *ကျောဖုံးမှ*

ယနေ့နံနက်ပိုင်းတွင် စက်၊ ယာဉ်၊ ယန္တရားများနှင့်အတူ မြဝတီမြို့ အမှတ် (၅) ရပ်ကွက်ရှိ ၃၅ ဂိတ် ဒေသအခေါ် အောင်ပါဝါဂိတ်-၂ ကို သွားရောက်စစ်ဆေးပြီး အလျားပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့် ၂၅ ပေရှိ သံဖရိန်၊ အုတ်တက်၊ သွပ်မိုးသွပ်ကာ ပစ္စည်းသိုလှောင်ရုံအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

“မြဝတီမြို့ သောင်ရင်းမြစ်ကမ်း တစ်လျှောက်မှာရှိတဲ့ တရားမဝင်ဖွင့်လှစ်ပြီး ကုန်သွယ်နေတဲ့ နယ်စပ်ဂိတ် ၃၀ မှာရှိတဲ့ ကုန်ပစ္စည်းသိုလှောင်တဲ့ ဂိုဒေါင်တွေ၊ လှေဆိပ်ကင်းတဲနဲ့ လှေဆိပ်အစောင့်တဲတွေ၊ လှေဆိပ်အဆင်းအုတ်လှေကားတွေ ကုန်တင်ကုန်ချ လျှောလမ်းတွေကို အောက်တိုဘာ ၃၁ ရက်က စပြီးတော့ စစ်ဆေးဖျက်ဆီးရှင်းလင်းတာတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရှင်းလင်းပြီးစီးမှုအနေနဲ့ကတော့ ၁၉ ဂိတ်၊ ကျောက်ဖျာဂိတ်၊ ကပေါ်ထူးဂိတ်၊ ၁၄ ဂိတ်၊ ၈ ဂိတ်/ ၈ ဂိတ်ခွဲ၊ ၉ ဂိတ် ဒေသအခေါ် အောင်ပါဝါဂိတ်၊ ၁၈ ဂိတ် ဒေသအခေါ် နေစိုးမြဂိတ်၊ ၁၃ ဂိတ်၊ သုညဂိတ်နဲ့ ၁၀ ခွဲဂိတ် ဒေသအခေါ် ၉၉၉ ဂိတ် တို့ဖြစ်ပါတယ်” ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထို့ပြင် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ဝင်များက ထပ်မံ၍ ကင်းစခန်း(၂)၊ (၁၂)ဂိတ် ကင်းစခန်း(၃)၊ (၁၄) ဂိတ် ကင်းစခန်း (၁) နှင့် Grand Myawaddy ဂိတ် ကင်းစခန်း(၅) တို့ကို သွားရောက်စစ်ဆေး ရှင်းလင်းခဲ့ကြသည့်အပြင် ဂိတ်စခန်းအဖြစ်မှ ဖျက်သိမ်းထားသည့် သဖန်းပင်ဂိတ်၊ သဲပုံဂိတ်၊ ကျောက်တန်းဂိတ်နှင့် မာမီဂိတ်တို့ကိုလည်း စစ်ဆေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

“နိုင်ငံတော်က သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေးဇုန်တွေကနေ ကုန်ပစ္စည်းတွေကို မတင်သွင်းဘဲ၊ တရားမဝင်ဂိတ်တွေကနေ ငွေကြေးရယူပြီး မြန်မာနိုင်ငံထဲကို ကုန်ပစ္စည်းတွေကို တင်သွင်းတာမျိုးရှိပါတယ်။ ဒီတော့ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာငွေတွေ အများကြီး နစ်နာဆုံးရှုံးပါတယ်။ တစ်ဖက်နိုင်ငံအနေနဲ့ တရားမဝင်တင်သွင်းတဲ့ လမ်းကြောင်းတွေအနီးမှာ တရားဝင်ဂိတ်တွေ ဖွင့်လှစ်ထားရှိပြီး ကောက်ခံတဲ့အတွက် အခွန်အခတွေ မဆုံးရှုံးဘူး။ ဒီလိုမျိုး ဆောင်ရွက်နေတာက သူတို့အနေနဲ့ တရားမဝင်ကုန်သွယ်မှုကို အားပေးရာရောက်နေတဲ့အတွက် သတ်မှတ်ထားတဲ့ တရားဝင်ကုန်သွယ်ရေး လမ်းကြောင်းတွေကနေပဲ ကုန်ပစ္စည်းတွေကို တင်သွင်းသင့်ပါတယ် ” ဟု ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

**အောင်ဂျိုင်း၊ ခတ်ပုံ - မင်းမင်း**











# ဖြူးမြို့နယ်၌ သမဝါယမအသင်း မိုးစပါးစံပြကွက်ရိတ်သိမ်း

ဖြူး နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လူငယ့်အားမာန်စိုက်ပျိုးရေးနှင့်လုပ်ငန်းစုံသမဝါယမအသင်းတွင် စိုက်ပျိုးထားသော မိုးစပါး (အောင်နိုင်တိုး)စံပြကွက်ရိတ်သိမ်းနေမှုကို ဖြူးမြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ စပါးတစ်ကေလျှင် ၁၁၀ ဒသမ ၅ တင်းထွက်ရှိပြီး လေးကေကို ဆက်လက်ရိတ်သိမ်းလျက်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**



မလှိုင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ(ဒုတိယအကြိမ်) ကပ်ထားကြေညာခြင်းမပြုမီ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့်အဖွဲ့ဝင်များ နိုဝင်ဘာ ၉ ရက်က သွားရောက်ကြည့်ရှုစဉ်။ မြို့နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၉**



ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ နိုဝင်ဘာ ၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် နံနက် ၅ နာရီတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ ရွှေညောင်-တောင်ကြီးသွားကားလမ်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၁၀၆ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အေးသာယာ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ကြီးမြို့ဘက်မှ ရွှေညောင်မြို့ဘက်သို့ ကလောမြို့နယ် ရွာသစ်ကျေးရွာနေ အောင်ခိုင်(၃၀)နှစ် မောင်းနှင်ပြီး ဆန်းထွေး (၂၈)နှစ် လိုက်ပါလာသည့် နံပါတ်မပါ Honda Wave ဆိုင်ကယ်သည် အခင်းဖြစ်နေရာသို့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ သဃ်န်းကျွန်းမြို့နယ် ပေါင်းကူးရပ်ကွက်နေ ဝင်းဇော်နိုင်(၃၃)နှစ် မောင်းနှင်လာသည့် YGN-3 4Q/xxxx SCANIA ခရီးသည်တင်မော်တော်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် အောင်ခိုင်နှင့် ဆန်းထွေးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့သောကြောင့် အောင်ခိုင်နှင့် ဆန်းထွေးတို့အား ရွှေညောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



# ပရီမီယာလိဂ်ပွဲစဉ် (၁၁) တွင် ချယ်ဆီးအသင်းနိုင်ပွဲရပြီး အာဆင်နယ်အသင်း သရေကျ

ပရီမီယာလိဂ်ပွဲစဉ်(၁၁)မှ နိုဝင်ဘာ ၉ ရက် နံနက် ၂ နာရီခွဲက စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးနှင့် ဝုဖ်အသင်းပွဲစဉ်တွင် ချယ်ဆီးအသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဝုဖ်အသင်းသည် ပရီမီယာလိဂ်ပထမဆုံးနိုင်ပွဲရရှိရေး အသင်းကို အကောင်းဆုံးပြင်ဆင်လာသော်လည်း ချယ်ဆီးအသင်း၏ ဖိအားပေးကစားမှုအောက် အသင်းကစားပုံ ဟန်ချက်ပျက်ခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

ဝုဖ်အသင်းသည် ပွဲချိန်တစ်လျှောက်တွင် ချယ်ဆီးအသင်းဘက်သို့ ဂိုးပေါက်ကန်သွင်းမှု သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ ပြိုင်ဘက်ချယ်ဆီးအသင်းက ဝုဖ်အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှုအကြိမ် ၂၀ အထိရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ရှစ်ကြိမ်ရှိခဲ့သည်။ ချယ်ဆီးအသင်း တောင်ပံ တိုက်စစ်ကစားသမား ဂါနာချို ခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

ထို့အပြင် ချယ်ဆီးအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု ခြောက်ကြိမ်ထက်မနည်းရှိခဲ့ပြီး သုံးကြိမ်လွဲချော်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ဂူစတို၊ ပက်ဒရိုနှင့် နီတိုတို့က သွင်းယူပေးခဲ့သည်။ ချယ်ဆီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် ၁၁ ပွဲကစားပြီး ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် သုံးပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက်ဝုဖ်အသင်းက ၁၁ ပွဲကစားပြီးချိန်အထိ နိုင်ပွဲရရှိထားခြင်း မရှိသေးဘဲ နှစ်ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယား အောက်ဆုံးရပ်တည်နေသည်။

အခြားပွဲစဉ် ရလဒ်များတွင် အဲဗာတန်က ဖူလ်ဟမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းက ဘန်လေကို အကြိတ် အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး စပါးနှင့် မန်ယူအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ဆန်းဒါးလန်းနှင့် အာဆင်နယ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် နိုဝင်ဘာ ၉

ရခိုင်ပြည်နယ် စစ်တွေမြို့နေ အမျိုးသမီး ငါးဦးနှင့် ကျောက်ဖြူမြို့နေ မိန်းကလေးငယ်တစ်ဦးတို့ကို ၎င်းတို့နှင့် ခင်မင်ရင်းနှီးကြသူများဖြစ်သည့် မဆန်းနု (ခ)စံစံ၊ ဒေါ်မလှဝင်း၊ ဒေါ်ကျော့ယဉ်၊ မသဲသဲ၊ မပန်းနှင့် မစုစုဝေတို့က တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၆၀ ရရှိမည်၊ ကလေးတစ်ဦးမွေးပေးရမည်၊ တစ်နှစ်ပြည့်ပါက ပြန်လာ၍ရကြောင်း စည်းရုံးပြောဆို၍ ရန်ကုန်မြို့နေ ဒေါ်ဆောင်းဆောင်းနှင့် ချိတ်ဆက်ပေးပြီး လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပို့ဆောင်ခဲ့ရာ ရန်ကုန်လေဆိပ်တွင် ဒေါ်ဆောင်းဆောင်း၏ ညီမဖြစ်သူ မမိုးမြင့်စန္ဒာက လာရောက်ခေါ်ဆောင်ခဲ့ပြီး ဒေါ်ဆောင်းဆောင်း၏နေအိမ်သို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒေါ်ဆောင်းဆောင်းမှ ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးခန်းတစ်ခု၌ ဆေးစစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကြိုတင်ငွေများ အသီးသီးထုတ်ပေးခဲ့ကာ မြစ်ကြီးနားမြို့မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ရန်ကုန်-မန္တလေး-မြစ်ကြီးနားမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် အဆင့်ဆင့်ပို့ဆောင်ခဲ့ရာ မြစ်ကြီးနားမြို့ ၂၀ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးရမိခဲ့သည်။

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ် နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ကြသူများကို မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားနယ်မြေရဲ စခန်း(ပ) ၄၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၁၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၆ ရက်တွင် မြစ်ကြီးနားခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မဆန်းနု(ခ)စံစံနှင့် ဒေါ်မလှဝင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်ဆောင်းဆောင်း၊ မမိုးမြင့်စန္ဒာ၊ ဒေါ်ကျော့ယဉ်၊ မသဲသဲ၊ မပန်းနှင့် မစုစုဝေတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/28785 Shayan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းဇာလီခိုင် ၉/မတရ(နိုင်)၁၈၇၀၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/57495 New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းဇာလီခိုင် ၉/မတရ(နိုင်)၁၈၇၀၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/32861 Canda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းနောင် ၉/မဟမ(နိုင်)၀၅၃၀၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/65259 Yin Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းဇာလီခိုင် ၉/မတရ(နိုင်)၁၈၇၀၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ခရမ်းလွန်**
**ရောင်ခြည်**
**အန္တရာယ်**
**ကာကွယ်ရေး**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းပေး**


# ကမ္ဘာရေးရာ Global Affairs

အမှတ် (၃၄) (အောက်တိုဘာ၊ ၂၀၂၅) **ထွက်ပြီ**




## "ကမ္ဘာ့ရွေးကောက်ပွဲစနစ်များအား လေ့လာခြင်း"

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ၊ ကမ္ဘာရေးရာ အမှတ်စဉ်-၃၄ တွင်
- ရွေးကောက်ပွဲနှင့် လွှတ်တော်
- ကမ္ဘာတစ်ဝန်းရှိ ရွေးကောက်ပွဲစနစ်များ
- ဦးတည်ရာမဲ့ ကမ္ဘာကြီးနဲ့ New Gambit
- တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြုအာဆီယံ
- ရုရှား-ယူကရိန်းပဋိပက္ခမှပေးသည့် သမိုင်းသင်ခန်းစာ
- အလားအလာကောင်းသော ကမ္ဘာ့ကော်ဖီဈေးကွက်
- AI နည်းပညာနှင့် အမျိုးသားလုံခြုံရေး စိန်ခေါ်မှုများ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

**တစ်အုပ် (၈၅၀၀) ကျပ်** — စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈


**FIRST MYANMAR INVESTMENT PUBLIC CO., LTD.**
Listed on the Yangon Stock Exchange
Company Registration No. 121398001 | YSX Code 00001

### (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

First Myanmar Investment Public Company Limited ၏ (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါပုံစံအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့် နေ့ရက် | း | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (စနေနေ့) |
| ကျင်းပမည့် အချိန် | း | နံနက် (၀၉:၃၀) နာရီမှ (၁၁:၃၀) နာရီအထိ |
| ကျင်းပမည့် နေရာ | း | အမျိုးသားစာတိုက် (ရန်ကုန်) |

နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည် ဖြစ်ပါသည်။

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်း၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်၏ အစီရင်ခံစာကို အတည်ပြုရန်။
၂။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ပါမောက္ခဒေါက်တာ အောင်ထွန်းသက်ကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။
၃။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၁၄ အရ နုတ်ထွက်ရန်အလှည့်ကျသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးထွန်းထွန်းကို ပြန်လည်ခန့်အပ်မှုအား အတည်ပြုရန်။
၄။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဒေါက်တာဇော်ဝင်းစန္ဒီအား ကုမ္ပဏီဒါရိုက်တာအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။
၅။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၁၆.၇ အရ ဦးတင်ထွဋ်ဦးအား ကုမ္ပဏီဥက္ကဋ္ဌအဖြစ် ခန့်အပ်မှုအား အတည်ပြုရန်။
၆။ Excellent Choice Professional Limited (associated with CLA Global TS Public Accounting Corporation, Singapore) အား ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖြစ် ခန့်အပ်ရန်နှင့် ၎င်း၏လုပ်အားခနှင့် အကျိုးခံစားခွင့်များ ကို သတ်မှတ်ရန်အတွက် ကုမ္ပဏီ၏ ဒါရိုက်တာများအား အခွင့်အာဏာပေးရန်။
၇။ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုဒ်မ ၃.၁ အရ အစုရှယ်ယာအသစ်များ ထုတ်ဝေရန် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းအား အတည်ပြုရန်။

အစုရှယ်ယာရှင်များသည် (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ပါဝင်တက်ရောက်ဆွေးနွေးခြင်းနှင့် မဲပေးခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် ကုမ္ပဏီမှ ထုတ်ပြန်ထားသော အစည်းအဝေး အကြောင်းကြားစာကို ကုမ္ပဏီ၏ Website : https://fmi.com.mm (သို့မဟုတ်) https://ysx-mm.com တွင်ဆက်လက်ကြည့်ရှုနိုင်ပါသည်။

First Myanmar Investment Public Co., Ltd.
သည် ကမ်းပက်စ်၊ အမှတ်(၁)၊ ရုံးများရိပ်သာဝင်း၊ ကုက္ကိုရိပ်သာလမ်း။
ပန်းလှိုင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ၁၁၄၀၁
ဖုန်း +၉၅-၁-၃၆၈၇၇၆၆
Web: fmi.com.mm | Email: info-fmi@yoma.com.mm

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/4218 TvsKING 200 T/W အား စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်နေ မောင်ဦးကျော်လင်း ၁၁/စတန(နိုင်)၀၉၁၉၇၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/9063 New Zhineng-110 M/C ယာဉ်လက်ဝယ်ရှိသူ Pole Star Line Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပခုက္ကူ)**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည် (ရေငယ်တောင်ကွင်း)၊ ဦးပိုင်အမှတ်(၃၈/၂)၊ မြေဧရိယာ(၅)ဧကထဲမှ (၀ဒသမ၀၁)ဧက အကွက်အမှတ်(င-၃/၄(လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့်နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ကြည်ပြာလွင် ၁၃/သနန(နိုင်)၀၂၄၄၃၅ထံမှ ဦးညွန့်နိုင် ၅/မရန(နိုင်)၀၁၆၅၅၉က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်/နေအိမ်ဖြစ်ပါသည်။ အဆိုပါ မြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးညွန့်နိုင်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| ၅/မရန(နိုင်)၀၁၆၅၅၉ | တရားလွှတ်တော်ရှေ့နေ |
| | ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့ |

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၉ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ၊ ၀၈ မိနစ်၊ ၂၉ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် (၃၄၀) ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region)၊ မြောက်လတ္တီတွဒ် ၁၂ ဒသမ ၄၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၀ ဒီဂရီ၊ အနက် ၁၁၃ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ခ်ိတာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ဇလ**

## "အမေတင်ရီမ(ညောင်ဦး) အမျိုးသားစာပေတစ်သက်တာဆု ရရှိခြင်းအတွက် ဂုဏ်ယူလေးစားဝမ်းမြောက်ရပါကြောင်းအမေခင်ဗျား"

ပခုက္ကူဦးအုံးဖေ စာပေတစ်သက်တာဆုရှင် နေပြည်တော်စာပေဝိုင်း ဂုဏ်ထူးဆောင်နာယက အမေတင်ရီမ(ညောင်ဦး) သည် (၂၀၂၄) ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု ထိုက်တန်စွာ ရရှိခဲ့ခြင်းအတွက် နေပြည်တော်စာပေဝိုင်း စာပေသားသမီးများမှ လေးစားဂုဏ်ယူစွာ ဂုဏ်ပြုအပ်ပါသည်။ (၉-၁၁-၂၀၂၅ ရက်) နိုဝင်ဘာနေပြည်တော်စာပေဝိုင်းတွင် မြန်မာ့စောင်းတီးခတ်၍ ရတုတေးကဗျာများဖြင့် သီဆိုဂုဏ်ပြုခွင့်ရရှိခြင်းအတွက် များစွာဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း အမေခင်ဗျား-

**နေပြည်တော်စာပေဝိုင်း စာပေသားသမီးများ**

## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြို့နယ်သမဝါယမအသင်းစုပိုင် မြောင်းမြမြို့ ဘုရားချောင်းရပ်ကွက်၊ နဝရတ်လမ်းမကြီး၊ အမှတ်(၁၈)၊ မြေဧရိယာ(၀.၀၄၂)ကေမြေနှင့် ၎င်းမြေပေါ်ရှိ အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး(၆၀'x၃၆'x၃၀') အဆောက်အအုံတို့အား ဒုတိယအကြိမ် အိတ်ဖွင့်လေလံစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့် လေလံတင်သွင်းလိုသူသည် ရောင်းချမည့်ပစ္စည်းစာရင်း လေလံစည်းကမ်းချက် အိတ်ဖွင့်လေလံ လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း အမှတ်(၉၇)၊ ကမ်းနားလမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြောင်းမြမြို့နယ် သမဝါယမအသင်းစုရုံးတွင် ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၁၀-၁၁-၂၀၂၅ ရက်မှ ၂၀-၁၁-၂၀၂၅ ရက်အထိ |
| **အိတ်ဖွင့်လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** | - | ၂၀- ၁၁- ၂၀၂၅ ရက် ညနေ (၀၆:၀၀)နာရီ |
| **အိတ်ဖွင့်လေလံဖွင့်ဖောက်မည့်ရက်** | - | ၂၁-၁၁-၂၀၂၅ ရက်၊ နံနက်(၁၀:၀၀)နာရီ |
| **အိတ်ဖွင့်လေလံဖွင့်လှစ်မည့်နေရာ** | - | မြို့နယ်သမဝါယမအသင်းစုရုံး၊ မြောင်းမြမြို့ |
| **ဆက်သွယ်ရန် ဖုန်း** | - | ၀၉ - ၂၆၁၄၂၈၁၀၉၃၊ ၀၉ - ၂၅၀၄၃၂၀၅၆ ၀၉ - ၄၂၂၄၆၈၂၀၂၊ ၀၉ - ၄၂၂၅၃၄၂၄၃ |

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့ တောင်ပြင်(၂)ရပ်ကွက် အပိုင်း(၂)နေ ဦးစိုးပိုင်၏သား မောင်နိုင်နိုင်မင်း ၈/တတက(နိုင်)၂၈၀၆၇၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH-873284 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း- 09-766 840 745**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မဟာကိုယ်ပိုင် အထက်တန်းကျောင်း၊ G-8၊ ကျောင်းဝင်အမှတ် (၀၈၃၁)၊ ကျောင်းသား စဝေမိုးယံ၏ ဖခင်အမည်မှန်မှာ မန်းဉာဏ်စိုးမင်း ၁၄/မမန(နိုင်)၂၆၆၇၂၃ ဖြစ်ပါကြောင်း။

**မန်းဉာဏ်စိုးမင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၅၆၄၊ သဲဖြူကွင်း၊ လူနေရပ်ကွက်အမှတ် -သန္တေပင်၊ မြေကွက်အမှတ် -၆၁က[၄]၊ ၆၁ခ[၄]၊ ဧရိယာ (၂.၀၄၆) ဧကရှိဥယျာဉ်ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မှော်ဘီမြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဦးဇော်တင်ဝင်း+၁ ထံမှ (၁၄-၃-၂၀၁၄) ရက်စွဲပါ " အိမ်နှင့်မြေအရောင်းအဝယ်စာချုပ် " ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ပြောဆိုလာသူများဖြစ်ကြသော ဒေါ်ချိုနာဒေဝီ (ဘ) ဦးဒူရကာဒသ် (၉/မကန(နိုင်)၀၀၀၉၉၇) အမှတ်(၁၆)၊ အင်းယားလမ်း၊ ၁၀-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူနှင့် ဦးခရ(ရှ)နား(ဘ)ဦးနန္ဒာပရာဆပ်(၉/မကန(နိုင်)၀၄၅၀၈၆)၊ အမှတ်(၈၆)၊ မဂ္ဂင်လမ်း၊ မြို့မရပ်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီးတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅** |
| **ဖုန်း ၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ(၀.၀၉၅)ကေအား ဦးသန်းငွေ(ဘ) ဦးညီဆယ် ၉/တကန(နိုင်)၀၃၁၄၉၅မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၉၃၂/၂၀၂၅)၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/နန္ဒသူရပ်၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀.၂၅၅)ကေအား ဒေါ်တင်ကြိုင်(ခ)မြင့်မြင့်ကြိုင်(ဘ)ဦးခင်မောင်ကြည် ၉/တကန(နိုင်)၀၉၄၂၇၂၊ ဦးမျိုးအောင်(ဘ)ဦးခင်မောင်ကြည် ၉/တကန(နိုင်)၀၉၄၄၄၅၊ ဦးတင်ယု(ဘ)ဦးခင်မောင်ကြည် ၉/တကန(နိုင်)၁၀၁၅၄၀တို့မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၉၈၄/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ပစ္စည်းဝယ်ယူခြင်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၊ တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- **ပင်မဖိုင်ဘာဆက်ကြောင်းများအစားထိုးပြုပြင်ခြင်းလုပ်ငန်း**

(က) မန္တလေး-ကျောက်ဆည်ဆက်ကြောင်း၊ (ခ) တောင်ငူ-နေပြည်တော်ဆက်ကြောင်း၊ (ဂ)မန္တလေး-စစ်ကိုင်းဆက်ကြောင်း၊ (ဃ) စစ်ကိုင်း-မြင်းမူဆက်ကြောင်း (င) ပြည်ကြီးတံခွန်-မန္တလေး (မြို့တွင်း)ဆက်ကြောင်း၊ (စ) နွားထိုးကြီး-မန္တလေး(မြို့တွင်း) ဆက်ကြောင်း

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံစတင် ရောင်းချမည့် ရက်/အချိန်** | - | (၈ - ၁၁ -၂၀၂၅) ရက်/ (ရုံးချိန်အတွင်း) |
| ၃။ | **တင်ဒါပိတ်မည့် ရက်/အချိန်** | - | (၂၄- ၁၁-၂၀၂၅) ရက် (၀၉:၃၀)နာရီမှ(၁၄:၀၀)နာရီအထိ |
| ၄။ | **တင်ဒါပုံစံ ရောင်းချမည့်နေရာ/ တင်ဒါပုံစံ တင်သွင်းရမည့်နေရာ** | - | ဝယ်ယူရေးဌာန အမှတ်(၄၆၅/၄၆၉)၊ မဟာဗန္ဓုလလမ်း (ဗိုလ်ဆွန်ပက်လမ်းထောင့်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၅။ တင်ဒါလျှောက်လွှာပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဝယ်ယူရေးဌာနသို့ လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်း-၀၉-၄၅၀၀၀၀၀၉၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

၆။ သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည် မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ၉/ပဥလ(နိုင်)၀၅၅၄၉၉ ကိုင်ဆောင်သူ ကျွန်မ ဒေါ်အိဆွေဇင်ဖြိုးနှင့် ဒေါ်နန်းအိဆွေဇင်ဖြိုး ဟူ၍ အမည်(၂)မျိုးကွဲလွဲ နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း၊ ကျွန်မ၏ ဖခင် ဦးကျော်သိန်းဦးနှင့် ဦးကျော်သိန်းဟူ၍ အမည်(၂)မျိုး ကွဲလွဲ နေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာဖြစ်ပါကြောင်း၊

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၁၄)၊ မြေကွက်အမှတ်-(၇၉၁)၊ ဦးလှတင်(ခ)ဦးလှရွှေအမည်ပေါက် ပါမစ်မြေ အကျယ်အဝန်း-(၄၀ပေ-၆၀ပေ)အား လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်မြင့်မြင့်ရွှေ (၇/ သကန(နိုင်)၀၁၄၅၃၅)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေပေး ချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအ ထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)**
**အမှတ်(၁၁၄၄)၊ စပ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- (၀၉)- ၇၉- ၀၆၇- ၃၀၆၇**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထူးလှိုင်**
**အထက်တန်းရှေ့နေ**
**စဉ်- ၂၄၂၉၂**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်လွင်မာ ၁၄/ဖပန(နိုင်)၂၅၆၃၈၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၄၃၊ ထ/၁၆ ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်-၁၄၉၁/ခ ဟုခေါ်တွင်သော (အလျား၁၀ပေxအနံ ၆၀ပေ)ရှိသော ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်လွင်မာသည် အဆိုပါ နေအိမ်ခြံမြေနှင့်ပတ်သက်သည့် ဆက်စပ်စာချုပ်စာတမ်းမူရင်းများ၊ မိတ္တူများနှင့် အတူ ဒေါ်စိုးစိုးငြိမ်း ၇/အတန(နိုင်)၀၆၄၁၉၆ ထံမှ စာချုပ်စာတမ်းအထောက် အထားများဖြင့် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်သူဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်လွင်လွင်မာ၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ ဝင်ရောက် ကျူးကျော်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဆင့် လွှဲပြောင်းခြင်းတို့အား ပြုလုပ်ခွင့်မရှိကြောင်းနှင့် ဒေါ်လွင်လွင်မာ တစ်ဦး တည်းသာ ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွင်လွင်မာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၇၄)**
**အမှတ်-၁၁၄၉/က၊ သီတာ(၆)လမ်း၊ ထ/၁၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၂၀၁၃၅၃၅၈၊ ၀၉-၉၆၀၄၄၂၉၂၉**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 16U/2736 PIAGGIO ယာဉ်လက်ဝယ်ရှိသူ ဦးပြုံးချို ၉/မခန(နိုင်)၀၆၀၄၂၄ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 19U/7704 JRC-200, 3Wheel M/C (Truck Body) (3x2) ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co., Ltd က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုနေသည့် On Prime Email System တွင် အသုံးပြုလျက်ရှိသည့် Storage Capacity အား ထပ်မံတိုး မြှင့်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၀-၁၁-၂၀၂၅) ရက်မှ (၁၇-၁၁-၂၀၂၅) ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံ တော်ဗဟို ဘဏ်၊ နေပြည်တော်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနသို့ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၁-၁၁-၂၀၂၅) ရက် မွန်းလွဲ (၁၂ : ၀၀) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်း အမြစ်ဖွံ့ဖြိုးရေးဌာနကြီးတွင် တင်သွင်းရန် ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါ အာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့် အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ **(ငွေသား (သို့မဟုတ်) PO Cheque ဖြင့် တင်ဒါတင်သွင်းခြင်းအား လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ)**

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မြန်မာနိုင်ငံတော် ဗဟို ဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက် အလက်နှင့်နည်းပညာဌာန၊ ဖုန်း-၀၆၇-၃၄၃၈၆၉၈ နှင့် Email လိပ်စာ it.ahrd@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေဖြင့် တင်ဒါခေါ်ဆောင်ရွက်မည့် ဇမ္ဗူသီရိမြို့နယ်၊ ရေသန့်စင်စက်ရုံအမှတ်(၁)တွင် လျှပ်စစ်စွမ်းအင်မျှတသုံးစွဲနိုင်ရေး (On-Grid System) ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့်အိတ်ဖွင့် တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၂။ | (က) | **တင်ဒါပုံစံထုတ်ပေးမည့်ရက်** | - | ၁၁-၁၁-၂၀၂၅ ရက် |
| | (ခ) | **တင်ဒါပိတ်မည့်ရက်** | - | ၂၅-၁၁-၂၀၂၅ ရက် (၁၄:၀၀)နာရီ |
| | (ဂ) | **တင်ဒါပေးသွင်းရမည့်နေရာ** | - | အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) နေပြည်တော်စည်ပင် သာယာရေးကော်မတီ။ |

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက် များအား ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) (ဖုန်း-၀၆၇-၄၀၃၂၁၀၉၊ ၀၉-၄၃၀၄၃၇၉၄) တွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မသီသီခိုင် ၇/ကတခ (နိုင်)၁၈၉၂၃၇ ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၉၆၈၂၉၉၈၄၇**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးမောင်ထွေး ၃/ဖပန(နိုင်) ၀၀၅၆၆၇ ၏ သမီး မမေခင်ထွေး ၃/ကမမ(နိုင်)၀၀၉၂၉၄ ၏ မွေး သက္ကရာဇ်အမှန်မှာ ၇-၈-၂၀၀၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၁-ခ)၊ အိုးဘိုတန်း အကွက်၊ ဦးပိုင်အမှတ် (၁၃၅-ည)၊ ဧရိယာ(၀ဒသမ၀၄၂)ကေအတွင်းမှ ဧရိယာ(၀ဒသမ၀၂၂)ကေရှိ ဦးခင်မောင်ဌေးအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ကိုးဆူကျောင်းလမ်း၊ အမှတ်(၂-က)နေ ဒေါ်နှင်းအိဖြိုး၊ ဦးလှိုင်မျိုးအောင်တို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သား ပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့် ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်(၆)ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ် ၅/၅၅-ဒီ၊ မြေတိုင်းရပ် ကွက်အမှတ် ၂၇ သမိုင်း၊ မြေကွက်အမှတ် ၆/က-၅၊ ဂရန်မြေအမျိုးအစား၊ အကျယ်(၀ဒသမ၀၆၈)ကေရှိ မြေကွက်မှာ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင်ဦးတင်ထွန်း ၁၂/အလန (နိုင်)၁၀၃၆၁၈) နှင့်ဒေါ်ကြည်ကြည်မြိုင် ၁၂/အလန(နိုင်)၁၀၃၆၁၉တို့ အမည် ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ထိုအမည်ပေါက်ပိုင်ရှင်မှ ဖော်ပြပါမြေနှင့် အိမ်အား ၎င်းတို့သာလျှင် အကျိုးခံစားခွင့်ရှိကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နိုင်နိုင်ရွှေ LL.B (စဉ်-၁၃၆၁၉)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉၅၀၁၁၄၀၂**

**ဒေါ်ကေသီကျော်**
**LL.B, D.B.L, D.I.L., D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၅၀)**
**ဖုန်း-၀၉၅၅၀၆၁၄၃၊ ၀၉၇၉၉၄၈၇၂၈၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၃)နေရာအတွက် ဖော်ပြပါအရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်/ ကောလိပ်မှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်ထားသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၃၁-၁၀-၂၀၂၅) ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကြီးသူ၊ နိုင်ငံ့ဝန်ထမ်း (သို့မဟုတ်) မဟာဘွဲ့ ရရှိသူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်မူရင်းအား ပူးတွဲတင်ပြရမည်။
(ဇ) ဌာနဆိုင်ရာတစ်ခုခုတွင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်းခံခဲ့ရသူ မဖြစ်စေရ။
